# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၅ |
| ၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် တစ်ဆက်တစ်စပ်တည်း မေးမြန်းခဲ့သော စိုက်ပျိုးစရိတ်ထုတ်ချေးပေးရန်နှင့် စပ်လျဉ်း၍ မြေပြင်တွင်ဖြစ်ပေါ်လျက်ရှိသည်ကို အခြေခံပြီးဆောင်ရွက်ထားမှုကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၅ | ကန်ပက်လက်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၆ | နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေတောင်းခံရာတွင် စီမံကိန်း၏ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်ချက်ကို ကြိုတင် ဆောင်ရွက်ထားပြီး ထိုမှရရှိလာသည့် Feasibility Study Report နှင့်အတူ Design, Drawing, Estimate, B.Q များပါဝင်သည့် စီမံကိန်းအဆိုပြုလွှာဖြင့် ပူးတွဲတင်ပြတောင်းဆိုခြင်းပြုနိုင်မည့်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၇ | အင်းစိန်မြို့နယ်တွင် မြို့မရဲစခန်းအပြင် နယ်မြေရဲစခန်းခွဲအသစ်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အား ထပ်မံတိုးချဲ့ဖွဲ့စည်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၀ |
| ၈ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို လိုအပ်ချက်နှင့်အညီ အင်အားတိုးချဲ့ဖွဲ့စည်းရန်နှင့် တပ်ဖွဲ့၏အခြေခံ လိုအပ်ချက်များအပါအဝင် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရေး မည်သို့မည်ပုံစီမံဆောင်ရွက် ထားရှိကြောင်းသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၆ |
| ၉ | ရွာငံမြို့နယ်၊ မြင်းကျဒိုးကျေးရွာအုပ်စုအတွက် မီးသတ်စခန်းနှင့်မီးသတ်ယာဉ်များချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၃ |

| | | |
|---|---|---|
| ၁၀ | လင်းခေးမြို့နယ် ပြည်သူ့ရဲစခန်း၏ လိုအပ်လျက်ရှိသော အဆင့်မီဝန်ထမ်း အိမ်ရာများကို ဆောက်လုပ်ပေးရန် အစီအစဉ်အားမည်သည့်အချိန် ကာလတွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၈ |
| ၁၁ | ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ဒီရေ တောများကို စီမံကိန်းများချမှတ်၍စိုက်ပျိုးခြင်း ဖြင့်လည်းကောင်း၊ ပေါက်ရောက်ပြီးဒီရေတောများကို စီမံကိန်းများချမှတ်၍ ထိန်းသိမ်း ကာကွယ်ခြင်းဖြင့်လည်းကောင်း သဘာဝဘေးအန္တရာယ်များ ကာကွယ်ရေး နှင့်ကမ္ဘာ့ ရာသီဥတုပြောင်းလဲမှုများနှင့် လိုက်လျောညီထွေဖြစ်စေရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၄၁ |
| ၁၂ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၁၀၂ |

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# အဋ္ဌမနေ့ အစီအစဉ်

# (၂၇-၁၁-၂၀၁၉)(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များက ဖြေကြားခြင်း-

(က) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းဝေးတွင် တစ်ဆက်တစ်စပ်တည်း မေးမြန်းခဲ့သော စိုက်ပျိုးစရိတ်ထုတ်ချေးပေးရန်နှင့် စပ်လျဉ်း၍ မြေပြင်တွင် ဖြစ်ပေါ်လျက် ရှိသည်ကို အခြေခံပြီး ဆောင်ရွက်ထားမှုကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးညွန့်ဝင်း၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **ကန်ပက်လက်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၏ **နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ အတွက် ရန်ပုံငွေတောင်းခံရာတွင် စီမံကိန်း၏ဖြစ်မြောက်နိုင်စွမ်း လေ့လာ ဆန်းစစ်ချက်ကို ကြိုတင်ဆောင်ရွက်ထားပြီး ထိုမှရရှိလာသည့်**

**Feasibility Study Report နှင့်အတူ Design, Drawing, Estimate, B.Q များ ပါဝင်သည့်စီမံကိန်းအဆိုပြုလွှာဖြင့် ပူးတွဲတင်ပြ တောင်းဆိုခြင်း ပြုနိုင်မည့် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမောင်မောင်ဦး၊ အင်းစိန် မဲဆန္ဒနယ်၏ **အင်းစိန်မြို့နယ်တွင် မြို့မရဲစခန်း အပြင် နယ်မြေရဲစခန်းခွဲအသစ်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အား ထပ်မံတိုးချဲ့ ဖွဲ့စည်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို လိုအပ်ချက်နှင့် အညီ အင်အားတိုးချဲ့ဖွဲ့စည်းရန်နှင့် တပ်ဖွဲ့၏အခြေခံလိုအပ်ချက်များ အပါအဝင် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရေး မည်သို့မည်ပုံ စီမံဆောင်ရွက် ထားရှိကြောင်း သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်စိုးမင်း၊ ရွာငံ မဲဆန္ဒနယ်၏ **ရွာငံမြို့နယ်၊ မြင်းကျဒိုးကျေးရွာ အုပ်စုအတွက် မီးသတ်စခန်းနှင့် မီးသတ်ယာဉ်များချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစိုင်းဘသိန်း၊ လင်းခေး မဲဆန္ဒနယ်၏ **လင်းခေးမြို့နယ် ပြည်သူ့ ရဲစခန်း၏ လိုအပ်လျက်ရှိသော အဆင့်မီဝန်ထမ်းအိမ်ရာများကို ဆောက်လုပ်ပေးရန် အစီအစဉ်အား မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်က **"ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၏ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ဒီရေတောများကို စီမံကိန်းများချမှတ်၍ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ ပေါက်ရောက်ပြီး ဒီရေတောများကို စီမံကိန်းများချမှတ်၍ ထိန်းသိမ်းကာကွယ်ခြင်းဖြင့်လည်းကောင်း**

**သဘာဝ ဘေးအန္တရာယ်များကာကွယ်ရေးနှင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေဖြစ်စေရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“မြန်မာနိုင်ငံဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာ နှင့် လက်မှတ်များ ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း၊

၁၁။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၁၂။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## အဋ္ဌမနေ့မှတ်တမ်း

## ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

## (၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော် အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ**။ ။ မင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော်လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၂ ဦးရှိသည့်အနက် ၃၈၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၉၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခုအစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော်ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၂ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၀ ဦး ရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၁ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ဖာပွန်မဲဆန္ဒနယ်မှ ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင် ခွင့် ၁ ရက်၊

(၂) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၁၀ ရက်၊

(၃) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၃ ရက်၊

(၄) မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် ခွင့် ၃ ရက်၊

(၅) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၁ ရက်၊

(၆) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊

(၇) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊

(၈) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၉) ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် ခွင့် ၁ ရက်၊

(၁၀) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း ခွင့် ၁ ရက်၊

(၁၁) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၁၂) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၁ ရက်၊

(၁၃) ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ ခွင့် ၁ ရက်၊

(၁၄) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၁ ရက်၊

(၁၅) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် ခွင့် ၁ ရက်၊

(၁၆) ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ ခွင့် ၁ ရက်၊

(၁၇) ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ခွင့် ၁ ရက်၊

(၁၈) အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ ခွင့် ၁ ရက်၊

(၁၉) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်၊

(၂၀) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၁ ရက်၊

(၂၁) မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် ခွင့် ၁ ရက်၊

(၂၂) အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့် ခွင့် ၁ ရက်၊

(၂၃) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၂၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၂၅) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၁ ရက်၊

(၂၆) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၃ ရက်၊

(၂၇) ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၃ ရက်၊

(၂၈) ရွာတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၁ ရက်၊

(၂၉) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊

(၃၀) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်နှင့်

(၃၁) အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၂၁ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၁ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

မူကြမ်း

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၃၂ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၁ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၅၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။ ။** အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် တစ်ဆက်တစ်စပ်တည်း မေးမြန်းခဲ့သော စိုက်ပျိုးစရိတ်ထုတ်ချေးပေးရန်နှင့်စပ်လျဉ်း၍ မြေပြင်တွင်ဖြစ်ပေါ်လျက်ရှိသည်ကို အခြေခံပြီးဆောင်ရွက်ထားမှုကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်က ဒေါ်ချိုချို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ၃-၇-၂၀၁၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးတွင် လယ်ယာမြေလုပ်ကိုင်ခွင့်ဝယ်ယူထားသော တောင်သူများစိုက်ပျိုးစရိတ်ချေးငွေ ရရှိရန် ပုံစံ(၇)တွင် မိမိနာမည်မပြောင်းရသေးခင် သက်ဆိုင်ရာ လယ်/စီ၏ ထောက်ခံချက်ဖြင့် စိုက်ပျိုးစရိတ်ထုတ်ချေးပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်းပြီး မြေပြင်အခြေအနေအပေါ်မှာ ဖြစ်ပေါ်နေမှုကတော့ လယ်ယာမြေလုပ်ပိုင်ခွင့်ဝယ်ယူထားတဲ့ တောင်သူများမှာ လယ်ယာမြေ လုပ်ပိုင်ခွင့်ပုံစံ(၇)တွင် မိမိတို့ရဲ့နာမည်ပြောင်းခွင့်ရရှိရေးအတွက် အမိန့်၊ ညွှန်ကြားချက်များ နှောင့်နှေးကြန့်ကြာ အကောင်အထည်မဖော်နိုင်ခြင်းကြောင့်ပုံစံ(၇)တွင် နာမည်ပြောင်းရရှိရေးကို တရားမဝင်နည်းလမ်းများဖြင့် ငွေကြေးကုန်ကျစွာ လုပ်ဆောင်ရဆဲရှိနေခြင်း၊ အချို့သော သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် မြေတိုင်းစာရေးများမှ လုပ်စားနေမှုများမှာ ယခု ထိတိုင်ပပျောက်ခြင်းမရှိသေးတာကြောင့် တစ်ဆက်တစ်စပ်တည်းမေးခွန်းနှင့် ပတ်သက်၍မည်သို့ ဆောင်ရွက်ထားသည်များကို သိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မဒီမေးခွန်းကို ၂၀၁၉ ခုနှစ် မတ်လမှာမေးမြန်းထားပြီး လယ်ယာမြေလုပ် ကိုင်ခွင့်ဝယ်ယူထားသော တောင်သူများမှာ လယ်ယာမြေလုပ်ကိုင်ခွင့် ပုံစံ(၇)တွင် တရားဝင် နည်းလမ်းများဖြင့် မိမိတို့ရဲ့နာမည်ပြောင်းခွင့်ရရှိရေးအတွက် ဖြစ်ပါတယ်။

မူကြမ်း

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ တောင်သူများရဲ့လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းကိစ္စရပ်များအတွက် လယ်ယာမြေတန်ဖိုးသတ်မှတ်ရန် သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့(လယ်/စီ)အား ခန့်အပ်တာဝန်ပေးခြင်း၊ လိုက်နာဆောင် ရွက်ရန်လုပ်ငန်းစဉ်များ၊ ညွှန်ကြားခြင်းများကို ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက် ရက်စွဲဖြင့် ထုတ်ပြန် ထားပြီးဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကို ခေတ်ကာလနှင့်လျော်ညီစွာ အသစ် ပြင်ဆင်ပြဋ္ဌာန်းခြင်းမပြုနိုင်သေးမီ တည်ဆဲဥပဒေနှင့်အညီ လယ်ယာမြေလုပ်ကိုင်ရရှိသူများအနေဖြင့် လယ်ယာမြေဥပဒေပုဒ်မ ၉ ပါ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်ခွင့်ပြုရန် လိုအပ်သည့်အပြင် ဥပဒေပုဒ်မ ၁၈ အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအနေဖြင့် လယ်ယာမြေတန်ဖိုးကို ဒေသန္တရအခြေအနေအရ ဆီလျော် သောနှုန်းထားနှင့်အညီသတ်မှတ် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အားခန့်အပ် တာဝန်ပေးအပ်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်အတည် ပြုထားသော လယ်ယာမြေများ၏ တစ်ကေဒေသပေါက်ဈေးနှုန်းထားအရ ထိုက်သင့်သော တံဆိပ်ခေါင်းခွန် ထမ်းဆောင်စေပြီး လယ်ယာမြေနည်းဥပဒေ ၂၄(က)၊ ၄ (ခ)၊ ၄၈(ဂ)တို့နှင့်အညီ ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရှေ့မှောက်တွင် စာချုပ်ချုပ်ဆိုခြင်းကို ၁-၆-၂၀၁၉ ရက်နေ့မှစ၍ ဆောင်ရွက်ပေးရန်နှင့် ချုပ်ဆိုထားသောစာချုပ်ကို စာချုပ်ချုပ်ဆိုသည့်နေ့မှ ရက်ပေါင်း ၁၂၀ အတွင်း တင်ပြလာပါက သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနသည် လယ်ယာမြေ နည်းဥပဒေ ၂၄(ခ)၊ ၄၇(ဃ)၊ ၄၈(င) တို့နှင့်အညီ မှတ်ပုံတင်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပူတွဲညွှန်ကြားထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အခုလိုညွှန်ကြားချက်တွေကြောင့် တောင်သူလယ်သမားများရဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)တွင် နာမည်လွှဲပြောင်းခြင်းတွင် အဆင်ပြေသွားနိုင်မည်ဖြစ်ပြီး တကယ်လက်တွေ့မြေပြင်လုပ်ငန်းခွင်မှာ အားနည်းချက်တွေ မသိနားမလည်သူတွေအပေါ် ဝွင်ဖန်တီးတာမျိုးတွေရှိခဲ့လို့ ကိုယ်စားလှယ်တွေက ထောက်ပြအကြံပြုတဲ့အခါတိုင်း ဝန်ထမ်းများကို အရေးယူခြင်းဟာ အဖြေမဟုတ်ဘူးလို့ယူဆမိတဲ့အတွက် အထက်ဖော်ပြပါဖြစ်စဉ်တွေဖြစ်မလာအောင် ညွှန်ကြားချက်များကို နှောင့်နှေးကြန့်ကြာမှုတွေမရှိဘဲ လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးတို့ကို ဘယ်လိုအစီအမံမျိုးတွေနဲ့ ကြိုတင်ပြင်ဆင်ထားပါသလဲဆိုတာ သိလိုတဲ့အတွက်ကြောင့် မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တောင်သူလယ်သမားအားလုံးရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုရဲ့ ၃-၇-၂၀၁၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ဝယ်ယူထားတဲ့ တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေရရှိရန်ပုံစံ(၇)မှာ မိမိနာမည်မပြောင်းရသေးခင် သက်ဆိုင်ရာ လယ်/စီရဲ့ ထောက်ခံချက်ဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းရဲ့

မြေပြင်အခြေအနေမှာ ဖြစ်ပေါ်နေလျက်ရှိမှုကို အခြေခံပြီးတစ်ဆက်တစ်စပ်တည်း မေးခွန်းနှင့် ပတ်သက်ပြီးတော့ ဆောင်ရွက်ထားမှုကို မည်သို့လုပ်ဆောင်နေသည်ကိုသိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဖြေကြားချက်နှင့်ပေါင်းစပ်ပြီးတော့ ပြန်လည်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေလုပ်ပိုင်ခွင့်ဝယ်ယူထားတဲ့ တောင်သူများ ပုံစံ(၇)မှာ မိမိအမည်မပြောင်းရသေးမီ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးရန် ကိစ္စနှင့်စပ်လျဉ်းပြီး လယ်ယာမြေရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့်ပေးကမ်းခြင်းများကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ညွှန်ကြားချက်များနှင့်အညီ အမည်ပြောင်းဆောင်ရွက်နေဆဲကာလအတွင်း အမည်ပြောင်းတောင်သူရဲ့ စိုက်ပျိုးစရိတ်ချေးငွေရရှိမှုအခွင့်အရေး မဆုံးရှုံးစေရန်အတွက် အမည်ပြောင်းလျှောက်လွှာမိတ္တူ၊ စာချုပ်မိတ္တူ၊ အမွေဆက်ခံလယ်ယာမြေဖြစ်ပါက အမည်ပြောင်းလျှောက်ထားခြင်းကို ကန့်ကွက်လာမည့်သူမရှိကြောင်း မြို့နယ်ဦးစီးဌာနမှူးရုံးရဲ့ ထောက်ခံစာတို့ဖြင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမှုဆောင်ရွက်ပေးရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၁၅-၈-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ဖွံ့ဖြိုးဘဏ်/နစ-၁-၄(၆၈၄၂/၂၀၁၉)နဲ့ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ဘဏ်ခွဲအားလုံးသို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ အမည်ပြောင်းဆောင်ရွက်မည့် တောင်သူများအနေနဲ့ ညွှန်ကြားချက်မှာပါရှိသည့် လိုအပ်တဲ့အထောက်အထားများတင်ပြနိုင်ပါက စိုက်ပျိုးစရိတ်ချေးငွေချေးယူမှုအတွက် အခက်အခဲမရှိဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးက ၃-၇-၂၀၁၇ ရက်နေ့မှာ တစ်ဆက်တစ်စပ်တည်း(ဆက်စပ်)မေးခွန်းအဖြစ်နဲ့ ပုံစံ(၇)အမည်ပြောင်းလဲရာမှာ မြေပြင်တွင်ဖြစ်ပေါ်နေတဲ့ အခြေအနေများအရ တောင်သူများအနေနဲ့ ပုံစံ(၇)တွင် အမည်ပြောင်းရရှိရေးကို တရားမဝင်နည်းလမ်းများဖြင့် ငွေကုန်ကျေးကျများရှိနေခြင်း၊ သက်ဆိုင်ရာရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့်

မြေတိုင်းစာရေးများမှလုပ်စားမှုများ ယခုတိုင်ရှိနေခြင်းတို့အပေါ်မှာ မည်ကဲ့သို့ဆောင်ရွက်လျက်ရှိကြောင်း သိလိုကြောင်းမေးမြန်းခဲ့ပါတယ်။ အဆိုပါမေးမြန်းမှုနှင့်ပတ်သက်ပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ လက်ရှိလုပ်ဆောင်နေမှုအခြေအနေများကို တင်ပြပါမယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကို အသစ်ပြင်ဆင်မပြဋ္ဌာန်းနိုင်သေးမီ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများအနေနဲ့ တည်ဆဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၉ ပါ အခွင့်အရေးများအပြည့်အဝခံစားနိုင်ရေးအတွက် လယ်ယာမြေရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းများဆောင်ရွက်ရန် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ညွှန်ကြားချက်အမှတ် ၂/၂၀၁၉၊ ၃/၂၀၁၉ နှင့် ၄/၂၀၁၉ တို့ဖြင့်ထုတ်ပြန်ညွှန်ကြားခဲ့ပါတယ်။

အဆိုပါညွှန်ကြားချက်များအရ လယ်ယာမြေကိုလက်ခံရရှိသူသည် ၎င်းရဲ့အမည်ကိုပြောင်းလဲပေးရေးအတွက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ပုံစံ(၉)ပါအတိုင်း မြို့နယ်ဦးစီးဌာနရုံးသို့ ပုံစံ(၇)နှင့်စာချုပ်တို့ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါတယ်။ မြို့နယ်ဦးစီးဌာနမှူးရုံးမှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြပြီး ယင်းအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့နယ်ဦးစီးဌာနမှူးရုံးသည် အမည်ပြောင်းခွင့်ရရှိသူအား မှတ်ပုံတင်ကြေးပေးသွင်းစေပြီး မှတ်တမ်းတင်ပြီးနောက် လျှောက်ထားသူအား အမည်ပြောင်းထားပြီးသည့် ပုံစံ(၇)ကို ထုတ်ပေးမည်ဖြစ်ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) အမည်ပြောင်းရရှိရေးဆောင်ရွက်ရာတွင် တရားမဝင်နည်းလမ်းများဖြင့် ဆောင်ရွက်မှုများ ပေါ်ပေါက်ခဲ့ပါက ပါဝင်ပတ်သက်တဲ့ ဝန်ထမ်းများကို ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ယခင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ယခု လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ ၇-၂-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁၀၃၁/မယ(ထွေ)၂၀၁၄ ဖြင့် လယ်ယာမြေအရောင်းအဝယ်ကိစ္စရပ်

များကို ဌာနမှဝန်ထမ်းမှ တရားမဝင်ပါဝင်မှုမရှိစေရေးအတွက် အလေးထားဆောင်ရွက်ရန် ညွှန်ကြားထားရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ တောင်သူများ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)အမည်မပြောင်း ရသေးမီ စိုက်ပျိုးစရိတ်ချေးငွေရရှိရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စီစဉ် ဆောင်ရွက်ပေးထားပါကြောင်း လယ်ယာမြေအရောင်းအဝယ်ကိစ္စ၊ အမည်ပြောင်းကိစ္စများတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်ပတ်သက်မှုမရှိစေရန် သက်ဆိုင်ရာ ဌာနမှညွှန်ကြားချက်များထုတ်ပြန်ထားပြီးဖြစ်သကဲ့သို့ ပုံစံ(၇) အမည်ပြောင်းရရှိရေး အတွက် တရားမဝင်နည်းလမ်းများဖြင့် ဆောင်ရွက်မှုများပေါ်ပေါက်ခဲ့ပါက ပါဝင်ပတ်သက်သည့် ဝန်ထမ်းများကို ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက် ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ကန်ပက်လက်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲတစ်ခု ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညွန့်ဝင်း(ကန်ပက်လက်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ကန်ပက်လက် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်း လိုတဲ့မေးခွန်းကတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲ တစ်ခု ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ချင်းပြည်နယ်ဟာ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ယခင်က ရွှေ့ပြောင်းတောင်ယာစနစ်ကို အခြေခံအမည်ပြု အသက်မွေးခဲ့ကြပြီး ဝင်ငွေအခွင့်အလမ်းအလွန်မှနည်းပါးတဲ့၊ ဆင်းရဲတဲ့ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ သို့ပါသော်လည်း ယခုအချိန်မှာ ပြည်နယ်အစိုးရရဲ့အထူးဦးစားပေးအစီအစဉ်တွေနဲ့ ကျွန်တော်တို့ရဲ့ ချင်းပြည်နယ်အတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွေမှာ အလေးထား ဆောင်ရွက်ပေးနေတာကြောင့် ဖွံ့ဖြိုးတိုးတက်ဖို့အစပြုနေချိန်ဖြစ်ပါတယ်။ ဒေသတွင်းဈေးကွက်ဝင် ဝဥသီးနှံ၊ ထောပတ်သီးနှံ၊ ကော်ဖီသီးနှံစတဲ့နှစ်ရှည်သီးနှံတွေကို ဒေသခံချင်းတိုင်းရင်းသားတွေ အနေနဲ့ စီးပွားဖြစ်စတင်စိုက်ပျိုးလာကြပြီ ဖြစ်ပါတယ်။ ယခင်ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေး စနစ်ကနေ နှစ်ရှည်ဥယျာဉ်ခြံမြေစိုက်ပျိုးရေးဘက်ကို ဦးတည်စိုက်ပျိုးလာကြပြီဖြစ်တဲ့အတွက် ဒေသခံချင်းတိုင်းရင်းသားတွေအဖို့ ဝင်ငွေအခွင့်အလမ်းလည်းကောင်းမွန်စပြုလာပြီ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ကန်ပက်လက်မြို့နယ်အတွင်းမှာလည်း ဝဥ၊ ထောပတ်နှင့် ကော်ဖီ တွေကို အားသွန်ခွန်စိုက် စိုက်ပျိုးလာကြပြီဖြစ်တဲ့အတွက် စိုက်ပျိုးတောင်သူများ စိုက်ခင်းများတိုးချဲ့ စိုက်ပျိုးနိုင်ဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့စိုက်ပျိုးရေးနည်းပညာနှင့် စိုက်စရိတ်အရင်းအနှီးတွေ ထိထိရောက်ရောက်ထောက်ပံ့ ပံ့ပိုးကူညီပေးဖို့ အထူးလိုအပ်နေချိန်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ကန်ပက်လက် မြို့နယ်ဟာ ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေ ၄၀၀၀ အထက် တောင်အမြင့်စိုက်ပျိုးမြေတွေ ပေါများတဲ့မြို့နယ်ဖြစ်တာနဲ့အညီ ဓာတုကင်းလွတ်သော Organic သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ဖို့ ဘေးကင်းလုံခြုံစိတ်ချရတဲ့သဘာဝတောင်မြင့် ချင်းတောင်ဒေသထွက် သန့်ရှင်းလတ်ဆတ်တဲ့သီးနှံ တွေပြည်တွင်းလူထုစားသုံးသူများထံ ဖြန့်ဖြူးပေးနိုင်ဖို့အတွက်ဆိုရင် စိုက်ပျိုးရေးလုပ်ကိုင်ကြတဲ့ ချင်းတိုင်းရင်းသားပြည်သူတွေအတွက် စိုက်ပျိုးစရိတ်ချေးငွေ အလွယ်တကူချိတ်ဆက်ချေးယူနိုင်ဖို့

လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲတစ်ခုဖွင့်လှစ်ပေးဖို့လိုအပ်နေပါတယ်။ Power Point သုံးစွဲတင်ပြခွင့်ပြုပါခင်ဗျား။

ဝဥကနေထုတ်လုပ်တဲ့အစားအစာတွေကို စားသုံးပေးခြင်းဖြင့် အဝလွန်ရောဂါ၊ အစာအိမ်နှင့်အူလမ်းကြောင်းတစ်လျှောက်ဖြစ်ပေါ်တတ်တဲ့ကင်ဆာရောဂါအပါအဝင် အခြားရောဂါဆိုးများကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။ ချင်းတောင် ထောပတ်သီးဆိုရင်လည်း အခြားဒေသထွက်ထောပတ်သီးတွေထက် တမူထူးခြားပြီး အရသာကောင်းမွန်တာကြောင့် Avagado မှ Chinogado လို့တောင် ချင်းတောင်ဒေသကိုအစွဲပြုပြီး အမည်တပ်မှည့်ခေါ်ကြရပါတယ်။ သဘာဝ Organic Coffee အဖြစ် ချင်းတောင်ကော်ဖီဟာလည်း ဝယ်လိုအားမြင့်မားလျက်ရှိနေပါတယ်။ ကျန်းမာရေးကိုအာမခံပေးနိုင်တဲ့ အသက်ရှည်ရာအနာမဲ့ကြောင်း အကျိုးပြုအထောက်အပံ့ကောင်းဖြစ်စေတဲ့ချင်းတောင်ဒေသထွက် Organic သီးနှံတွေ၊ သစ်သီးဝလံတွေ စားသုံးသူတွေအတွက် လုံလောက်စွာဖြန့်ဖြူးပေးနိုင်ဖို့၊ စိုက်ဧကတွေတိုးပွားလာဖို့ လိုအပ်နေပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အနီးကပ်ကူညီမှုတွေ စနစ်တကျပံ့ပိုးဖြည့်ဆည်းပေးနိုင်ဖို့ မြို့နယ်လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲတစ်ခု ဖွင့်လှစ်ပေးနိုင်ဖို့ အထူးလိုအပ်နေပါတယ်။

ကန်ပက်လက်မြို့နယ်မှာ လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲတစ်ခုဖွင့်လှစ်ပေးမယ်ဆိုရင် ဒေသခံချင်းတိုင်းရင်းသားတောင်သူတွေအတွက် စိုက်ပျိုးစရိတ်ချေးငွေတွေချေးယူရာမှာ လွယ်ကူအဆင်ပြေစေခြင်း၊ စိုက်စရိတ်ချေးငွေအလွယ်တကူရရှိအဆင်ပြေတဲ့အတွက် စိုက်ဧကတွေတိုးချဲ့စိုက်ပျိုးနိုင်ခြင်း၊ စိုက်ပျိုးရေးအတွက်လိုအပ်တဲ့မျိုးစေ့၊ အရင်းအနှီးနဲ့ စိုက်ပျိုးရေးသွင်းအားစုတွေ၊ လုပ်ငန်းသုံးစက်ပစ္စည်းတွေအလွယ်တကူရရှိနိုင်ခြင်း စတဲ့အကျိုးကျေးဇူးတွေရရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်ကန်ပန်လက်မြို့နယ်အတွင်းမှာရှိကြတဲ့ ချင်းတိုင်းရင်းသားတောင်သူများရဲ့ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်တွေကို နိုင်ငံတော်အစိုးရက အလေးထားဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ဖို့လည်း

လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲတစ်ခုဖွင့်လှစ်ပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိ ဒေသခံချင်းတိုင်းရင်းသားများ ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်းရဲ့ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်အတွင်း စီးပွားဖြစ်စိုက်ပျိုးလျက်ရှိတဲ့ ထောပတ်၊ ကော်ဖီ၊ ဝဥသီးနှံများ စိုက်ပျိုးတဲ့တောင်သူများအတွက် လိုအပ်တဲ့စိုက်ပျိုးစရိတ်နှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးသွင်းအားစုများပြည့်စုံအဆင်ပြေစေရန်အတွက် လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲတစ်ခုဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုခြင်းမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားပါမယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အနေနဲ့တစ်နိုင်ငံလုံးရှိတောင်သူများအတွက် အဓိကလိုအပ်တဲ့စိုက်ပျိုးစရိတ်အရင်းအနှီးချေးငွေများ ကို ပံ့ပိုးထုတ်ချေးပေးလျက်ရှိပါတယ်။ ချင်းပြည်နယ်မြို့တော် ဟားခါးမှာ ပြည်နယ်ရုံးတစ်ခု ရုံးစိုက် ဖွင့်လှစ်ပြီးတော့ ဟားခါးမြို့နယ်၊ တီးတိန်မြို့နယ်နဲ့ ဖလမ်းမြို့နယ်တို့မှာ ဘဏ်ခွဲသုံးခုဖွင့်လှစ်ပြီး ချင်းပြည်နယ်(မြောက်ပိုင်း) ငါးမြို့နယ်ကတောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီ ထုတ်ချေးပေးလျက်ရှိပါတယ်။ ချင်းပြည်နယ်(တောင်ပိုင်း)ရှိ မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်၊ ကန်ပက်လက်မြို့နယ်နှင့် ပလက်ဝမြို့နယ်များမှာ အခြေအနေအရ မြို့နယ်ဘဏ်ခွဲများ ဖွင့်လှစ် နိုင်ခြင်းမရှိသေးသော်လည်းဘဲ မင်းတပ်၊ မတူပီနှင့် ကန်ပက်လက်မြို့နယ်များမှတောင်သူများ အတွက် ဟားခါးမြို့နယ်ဘဏ်ခွဲမှ လည်းကောင်း၊ ပလက်ဝမြို့နယ်မှ တောင်သူများအတွက် ရခိုင်

ပြည်နယ်၊ ကျောက်တော်မြို့နယ် ဘဏ်ခွဲမှလည်းကောင်း တာဝန်ယူပြီးတော့ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘဏ်ခွဲတစ်ခုဖွင့်လှစ်ဖို့အတွက် ဘဏ်ခွဲအတွက်ဖွဲ့စည်းပုံအင်အားကို ဦးစွာတိုးချဲ့ရမှာဖြစ်ပြီးတော့ မြေနေရာနှင့် ရုံးအဆောက်အဦလိုအပ်ချက်၊ စက်ပစ္စည်း၊ ပရိဘောဂများလိုအပ်ချက်၊ မော်တော်ယာဉ်လိုအပ်ချက်၊ ငွေပို့ငွေသယ်လိုအပ်ချက် စသည်ဖြင့် အဘက်ဘက်ကဖြည့်တင်းဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ချင်းပြည်နယ်(တောင်ပိုင်း)မှာ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်နှင့် ပလက်ဝမြို့နယ်တွေမှာ ဘဏ်ခွဲဖွင့်လှစ်နိုင်ခြင်းမရှိသေးတဲ့အတွက်ကြောင့် တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေအပါအဝင် စိုက်ပျိုးရေးကိုအခြေခံတဲ့စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်တဲ့အရင်းအနှီးများ အဆင်ပြေစွာပံ့ပိုးထုတ်ချေးပေးနိုင်ရန်အတွက် ချင်းပြည်နယ်(တောင်ပိုင်း)မှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တစ်ခု ဦးစားပေးဖွင့်လှစ်ပေးဖို့ဟာ အမှန်တကယ်လိုအပ်လျက်ရှိပါတယ်။ ဒါကို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့နဲ့လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကန်ပက်လက်မြို့နယ်အပါအဝင် ချင်းပြည်နယ်(တောင်ပိုင်း)တစ်ခုလုံးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတစ်ခုကို အမြန်ဖွင့်လှစ်နိုင်ရန် ဦးစားပေးစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေတောင်းခံရာတွင် စီမံကိန်း၏ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်ချက်ကို ကြိုတင်ဆောင်ရွက်ထားပြီး ထိုမှရရှိလာသည့် Feasibility Study Report နှင့်အတူ Design, Drawing, Estimate, B.Q များပါဝင်သည့် စီမံကိန်းအဆိုပြုလွှာဖြင့် ပူးတွဲတင်ပြတောင်းဆိုခြင်းပြုနိုင်မည့်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

မူကြမ်း

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်မေးမယ့်မေးခွန်းကတော့ နိုင်ငံတော်ကနေ ဆောင်ရွက်နေတဲ့ တည်ဆောက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေတောင်းခံရာတွင် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာဆန်းစစ်ချက်ကို ကြိုတင်ဆောင်ရွက်ပြီး ထိုမှရရှိလာသော အချက်အလက်များနှင့်အတူ အဆိုပြုလွှာများဖြင့် ပူးတွဲတင်ပြတောင်းဆိုခြင်းပြုနိုင်မည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုနှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့်အခါ လုပ်ငန်းတစ်ခုချင်းအလိုက် ပြည့်စုံစွာတင်ပြနိုင်ခြင်း အားနည်းခဲ့ပါတယ်။ တည်ဆောက်မယ့်လုပ်ငန်းအတွက် မည်သည့်အတိုင်းအတာ မည်မျှကုန်ကျမည်လောက်သာ တင်ပြထားကြပြီး တည်ဆောက်မယ့်လုပ်ငန်းရဲ့ ဒီဇိုင်းခန့်မှန်းကုန်ကျငွေ အသေးစိတ်တွက်ချက်မှုနှင့် လုပ်ငန်းတွေရဲ့ B.Q ဖြင့်တိကျစွာ တင်ပြထားမှုမတွေ့ရပါဘူး။ သက်ဆိုင်ရာဘတ်ဂျက်စိစစ်ရေးပူးပေါင်းအဖွဲ့များကလည်းပဲ ပြည့်စုံစွာတင်ပြတောင်းခံထားခြင်းမရှိတဲ့အတွက် အခက်အခဲဖြစ်လျက်ရှိနေပါတယ်။ မဖြစ်မနေ ဘတ်ဂျက်ပေးပြန်တော့လည်းပဲ ခွင့်ပြုလိုက်တဲ့ငွေပမာဏနဲ့ရအောင် ဆောင်ရွက်ကြရ၍ အဆောက်အဦတွေဟာလည်းပဲ ကျုံ့ခြင်း၊ သေးခြင်း၊ ပုံပြောင်းသွားခြင်း အရည်အသွေးပိုင်းဆိုင်ရာများ လျော့နည်းသွားခြင်းများ လက်တွေ့မြေပြင်မှာ ကြုံတွေ့နေကြရပါတယ်။ အမှန်ဖြစ်သင့်တာက Plan to Budget ဖြစ်ပါတယ်။ ဖြတ်တောက်လိုက်တဲ့ငွေပမာဏကိုကြည့်ပြီးတော့ Budget to Plan ဖြစ်သွားတာကိုလည်းပဲ ဝမ်းနည်းစွာ ကြုံတွေ့နေရပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ

ရှေ့လာမယ့်နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် ပြည်ထောင်စု၊ ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးမှာ ရန်ပုံငွေတောင်းခံရာမှာ စီမံကိန်းရဲ့ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်ချက်ဖြစ်တဲ့ Feasibility Study ကို ကြိုတင်ဆောင်ရွက်ထားပြီးမှ ရရှိလာတဲ့ Feasibility Study Report နှင့်အတူ Design, Drawing, Estimate, B.Q ပါဝင်တဲ့ စီမံကိန်းအဆိုပြုလွှာဖြင့် ပူးတွဲတင်ပြတောင်းဆိုခြင်းပြုနိုင်မည့် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းရဲ့ ရှေ့လာမယ့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် ပြည်ထောင်စု၊ ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်အသီးသီးထံသို့ ရန်ပုံငွေတောင်းခံရာမှာ စီမံကိန်းရဲ့ဖြစ်မြောက်နိုင်စွမ်းလေ့လာဆန်းစစ်ချက်(Feasibility Study)ကို ကြိုတင်ဆောင်ရွက်ထားပြီးတော့ ထိုမှရရှိလာတဲ့ Feasibility Study Report နဲ့အတူ Design, Drawing, Estimate, B.Q များပါဝင်တဲ့ စီမံကိန်းအဆိုပြုလွှာအပြင် ပူးတွဲတင်ပြတောင်းဆိုခြင်းပြုနိုင်မည့် အစီအစဉ်များရှိ/မရှိ သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံးရဲ့ ဖြေကြားချက်များနဲ့ပေါင်းစပ်ပြီးတော့ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေများတောင်းခံရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးက ၃၁-၁-၂၀၁၉

ရက်စွဲပါစာအမှတ်၊ ၁၀၅/ဌာနခွဲ-၃/၂၀၁၉(စီ ၀၄၁၅)နဲ့ စီမံကိန်းလုပ်ငန်းများဆောင်ရွက်တဲ့အခါမှာ လိုက်နာနိုင်ရန် ခွင့်ပြုမိန့်နှင့်မြေနေရာရရှိထားပြီးဖြစ်ရန်၊ မြေတိုင်းတာခြင်း၊ လုပ်ငန်းခွင် တည်နေရာပြပုံစံ၊ အဆောက်အဦအကွက်ချပုံစံ၊ ဗိသုကာပုံစံ၊ ပုံထုတ်ဒီဇိုင်းပုံစံများ ပြည့်စုံစွာ ရေးဆွဲပြီးတော့ ထိုပုံစံများအရ စီမံကိန်းတန်ဖိုးကိုအတည်ပြုရန် စတဲ့အချက်များပါဝင်တဲ့ ညွှန်ကြားချက်ကို ထုတ်ပြန်ထားပါတယ်။ အလားတူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးက ၂၈-၂-၂၀၁၉ ရက်စွဲပါစာအမှတ်၊ စဘ၊ ဘဏ္ဍာ-၄/၁/၁(၅၅၁/၂၀၁၉)နဲ့ စီမံကိန်းကုန်ကျစရိတ်များကို ဒေသပေါက်ဈေးနဲ့တွက်ချက်ဖို့၊ မြေအတိုင်းအတာနဲ့ သင့်လျော်တဲ့ အဆောက်အဦပုံစံနဲ့ ရန်ပုံငွေတင်ပြတောင်းခံဖို့၊ Project အလိုက် ဖြစ်မြောက်နိုင်စွမ်း(Feasibility Study)ကို ကြိုတင်ဆောင်ရွက်ထားရန် စတဲ့အချက်တွေပါဝင်တဲ့ ညွှန်ကြားချက်ကို ထုတ်ပြန် ထားပါတယ်။

အဆိုပါညွှန်ကြားချက်များနှင့် ကိုက်ညီမှုရှိ/မရှိစိစစ်ပြီးမှ ရန်ပုံငွေလျာထားခွင့်ပြုပေးခြင်း ဖြစ်ပါတယ်။ အဆိုပါအချက်နှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကလည်း ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ ရက်စွဲပါစာနဲ့ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်း များက အရအသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲလျာထားရာမှာ လိုက်နာဆောင်ရွက်ရမယ့် အချက်များကိုလည်း ထည့်သွင်းပြီးတော့ လမ်းညွှန်ထားပြီးဖြစ်ပါတယ်။ နိုင်ငံတော်တည်ဆောက် ရေးလုပ်ငန်းများအတွက် ရန်ပုံငွေတောင်းခံရာမှာ စီမံကိန်းရဲ့ဖြစ်မြောက်နိုင်စွမ်း ဆန်းစစ်လေ့လာ ချက်(Feasibility Study)ကြိုတင်ဆောင်ရွက်မှုများကို အထူးသဖြင့် ငွေကြေးအမြောက်အမြား ကုန်ကျမယ့် အကြီးစားစီမံကိန်း သို့မဟုတ် ပြည်သူများအကြားမှာ အငြင်းပွားဖွယ်ရာစီမံကိန်း ဥပမာ-စွယ်စုံသုံးဆည်မြောင်းစီမံကိန်း၊ ဆိပ်ကမ်းတည်ဆောက်ရေးစီမံကိန်း၊ မြေအောက်ရထားလမ်း

တည်ဆောက်ခြင်းစီမံကိန်း စသည်ဖြင့် ကြီးမားတဲ့စီမံကိန်းကြီးများမှာ အသေးစိတ်လေ့လာမှုများ ပြုလုပ်ဖို့လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရဌာနအဖွဲ့အစည်းများအနေနဲ့ တည်ဆောက်ရေးလုပ်ငန်းများ အတွက် ရန်ပုံငွေတောင်းခံရာမှာ စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်ချက်(Feasibility Study) လုပ်ငန်းကို သေချာစွာဆောင်ရွက်ကြဖို့ နိုင်ငံတော်သမ္မတရုံးရဲ့ ၁၃-၆-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၁၅၈(၁)/၈/သမ္မတရုံးနဲ့ ညွှန်ကြားထားရှိပါတယ်။ ဌာနအဖွဲ့အစည်းများက ငွေလုံးငွေရင်းအသုံးစရိတ် တင်ပြမှုများနှင့်စပ်လျဉ်းပြီး တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့ ငွေလုံးငွေရင်းမှလည်းကောင်း၊ စက်ပစ္စည်းဝယ်ယူ ခြင်းများအတွက် စက်ပစ္စည်းကြီးကြပ်မှုကော်မတီမှလည်းကောင်း၊ မြေတိုင်းတာခြင်း၊ ဒီဇိုင်းပုံစံများ ရေးဆွဲခြင်း၊ မြေစမ်းသပ်ခြင်းတို့အတွက် ကုန်ကျစရိတ်များ စက်တပ်ဆင်စရိတ်နှင့် အခွန်အခများ စသည်တို့ကို စီမံကိန်းရေးဆွဲရေးဦးစီးဌာနကလည်းကောင်း အဆင့်ဆင့်စိစစ်ပြီးမှ ၎င်းတို့ရဲ့ ရန်ပုံငွေ ထည့်သွင်းလျာထားမှုများကို ခွင့်ပြုပေးလျက်ရှိပါတယ်။

ပြည်ထောင်စုဝန်ကြီးဌာနများအနေနဲ့ စီမံကိန်းလုပ်ငန်းများအတွက် Feasibility Study ပြုလုပ်ရန်ကုန်ကျစရိတ် Design, Drawing, Estimate, B.Q များရေးဆွဲခြင်းအတွက် ကုန်ကျစရိတ် များကို သတ်မှတ်ချက်များနှင့်အညီ တင်ပြတောင်းခံနိုင်ပါတယ်။ ဌာနအဖွဲ့အစည်းများအနေနဲ့ ပြည်သူများရဲ့အကျိုးစီးပွားအတွက်လည်းကောင်း၊ နိုင်ငံတော်ရဲ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်းကောင်း၊ ပြည်တွင်းပြည်ပအရင်းအမြစ်များကို ရယူသုံးစွဲပြီးတော့ ဆောင်ရွက်တဲ့ ဝန်ဆောင်မှု၊ ထုတ်လုပ်မှု၊ အခြေခံအဆောက်အဦတည်ဆောက်မှုလုပ်ငန်းများအပါအဝင် လုပ်ငန်း စီမံကိန်းများကို ဆောင်ရွက်တဲ့အခါမှာ စီမံကိန်းရဲ့ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ် (Feasibility

Study)ကိုကြိုတင်ဆောင်ရွက်ထားပြီးမှ အဆိုပါဆန်းစစ်ချက်အစီရင်ခံစာနှင့်အတူ တင်ပြတောင်းခံရန် ညွှန်ကြားချက်များကို တိကျစွာလိုက်နာရမှာ ဖြစ်ပါတယ်။

စီမံကိန်းဘဏ်ဆိုင်ရာညွှန်ကြားချက် အခန်း(၃) အပိုဒ် (၅)မှာ စီမံကိန်းဘဏ်(Project Bank) အတွင်းကို စီမံကိန်းများထည့်သွင်းရာမှာ ကြိုတင်ဆန်းစစ်လေ့လာမှုအပါအဝင် လိုအပ်တဲ့စီမံကိန်းဆိုင်ရာအချက်အလက်များကိုပေးပို့ဖို့ ထုတ်ပြန်ထားပါတယ်။ ယခုလက်ရှိမှာ စီမံကိန်းဘဏ်ကို ထည့်ဖို့ စီမံကိန်းတန်ဖိုးရဲ့ ကျပ်သန်း ၂၀၀၀ အထက်ကိုပေးပို့ရန် သတ်မှတ်ထားပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက အကောင်အထည်ဖော်ဆောင်ရွက်လိုသည့် လုပ်ငန်းစီမံကိန်း Project များတွင် ရန်ပုံငွေတောင်းခံရာမှာ ရန်ပုံငွေအနည်းအများပေါ်မူတည်ပြီးတော့ သင့်လျော်တဲ့ရန်ပုံငွေပမာဏတစ်ခုကို သတ်မှတ်ပြီးတော့ စီမံကိန်းရဲ့ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်ချက် Feasibility Study Report ပါဝင်ရေး Feasibility Study Report နှင့်အတူ Design, Drawing, Estimate, B.Q များပါဝင်သည့် စီမံကိန်း အဆိုပြု ပူးတွဲတင်ပြတောင်းခံရေးတို့ကို အစီအစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**အင်းစိန်မြို့နယ်တွင် မြို့မရဲစခန်းအပြင် နယ်မြေရဲစခန်းခွဲအသစ်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အားထပ်မံတိုးချဲ့ဖွဲ့စည်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်ဦး(အင်းစိန်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်

ညွှန့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အင်းစိန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်စိန်မြို့နယ်ဟာ ခရိုင်ရုံးစိုက်ရာမြို့ဖြစ်ခြင်း၊ ဧရိယာကျယ်ပြန့်ခြင်း၊ အထင်ကရနေရာများရှိခြင်း၊ လူဦးရေထူထပ်သိပ်သည်းလာခြင်း၊ ဖွံ့ဖြိုးတိုးတက်လာခြင်း စသည်တို့ကြောင့် ရာဇဝတ်မှုကြီး/ငယ်များ ပိုမိုများပြားလာခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုများ ပိုမိုများပြားလာခြင်းတို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အင်းစိန်မြို့မရဲစခန်းအပြင်နယ်မြေရဲစခန်းခွဲအသစ်တစ်ခုနှင့် ယာဉ်ထိန်းတပ်ဖွဲ့အင်အား ထပ်မံတိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ရှိလျှင် မည်သည့်နေ့ရက်အချိန်တွေမှာ ပြုလုပ်ပေးမည်နည်းနှင့် မရှိလျှင် အဘယ်ကြောင့်နည်းသိရှိလိုသော မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါရန်လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်။ ကျွန်တော်တို့ အင်းစိန်မြို့နယ်ဟာ ခရိုင်ရုံးစိုက်ရာမြို့နယ်ကြီးတစ်ခုဖြစ်သလို ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ မရမ်းကုန်းမြို့နယ်များနှင့် ဆက်စပ်လျက်ရှိပါတယ်။ ဧရိယာအကျယ်အဝန်းကတော့ ၁၃.၅၂၅ မိုင်ဖြစ်ပြီး လူဦးရေနှစ်သိန်းရှစ်သောင်းကျော်နဲ့ ရပ်ကွက်ပေါင်း ၂၁ ရပ်ကွက် ရှိပါတယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံရှိပြီးတစ်နိုင်ငံလုံးကိုကိုယ်စားပြုတဲ့ ဘာသာရေးအဆောက်အဦများ၊ စာသင်ကျောင်းများ တည်ရှိရာနေရာလည်းဖြစ်ပါတယ်။ ဒီမိုကရေစီအစိုးရလက်ထက်မှာ မြို့နယ်ရဲ့တည်နေရာအကျယ်အဝန်းဟာ သိသိသာသာ ပြောင်းလဲခြင်းမရှိသော်လည်း စက်မှုဇုန်များ၊ အဆင့်မြင့်ဈေးကြီးများအပြင် ယခင်အစိုးရအဆက်ဆက်က ပိတ်ထားခံရတဲ့ နိုင်ငံ့ဂုဏ်ဆောင်ကျောင်းများလည်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်လို့ အရှိန်အဟုန်နဲ့တိုးတက်နေတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာခဲ့သလိုလူဦးရေလည်း ပိုမိုသိပ်သည်းများပြားလာခဲ့ပါတယ်။ တစ်ဖက်မှာလည်း ဘေးထွက်ဆိုးကျိုးဖြစ်တဲ့ရာဇဝတ်မှုများလည်း ပိုမိုများပြားလာခဲ့ပါတယ်။ ဒါ့အပြင် ရွှေပြည်သာစက်မှုဇုန်၊ လှိုင်သာယာ

စက်မှုဇုန်များသို့ ကွန်တိန်နာကားများ ဝင်/ထွက်ရာလမ်းကြောင်းပေါ်မှာရှိနေတဲ့အတွက် ယာဉ်ကြောပိတ်ဆို့မှုများလည်း ပိုမိုဖြစ်ပေါ်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုအခြေအနေကိုကျော်လွှားနိုင်ဖို့ အင်းစိန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ CSO၊ NGO များ၊ ပြည်သူများ ပူးပေါင်းပြီး လက်တွဲညီညီပူးပေါင်းဆောင်ရွက်ခဲ့ပါသော်လည်း ဝန်နှင့်အားမမျှဘဲ အကန့်အသတ်နဲ့ သာဆောင်ရွက်နိုင်တဲ့အတွက် ကြိုးစားသလောက် ခရီးမရောက်ဘဲ ဖြစ်နေရပါတယ်။ အထူးသဖြင့် ကျွန်တော်တို့အင်းစိန်မြို့နယ်ဟာ မြို့နယ်နဲ့ထိစပ်နေတဲ့ မင်္ဂလာဒုံလေယာဉ်ကွင်းရဲ့ လုံခြုံရေးနဲ့အတူ ကျွန်တော်တို့အင်းစိန်မြို့နယ်မှာ ကမ္ဘာကျော်၊ နိုင်ငံကျော်အမှုတွေမဖြစ်ခဲ့ပေမဲ့ ထိုအမှုများရဲ့တရားခံများ ရုံးထုတ်ထားရာ အင်းစိန်ဗဟိုအကျဉ်းထောင်ရှိနေသလို အမှုများကိုစစ်ဆေးတဲ့ ခရိုင်တရားရုံးဟာလည်း အင်းစိန်မြို့နယ်မှာရှိနေတဲ့အတွက် လုံခြုံရေးလိုအပ်ချက်အပေါ်မူတည်ပြီးတော့ မြို့နယ်ရဲ့တပ်ဖွဲ့အင်အားနဲ့ ယာဉ်ထိန်းအင်အားကို ဖွဲ့စည်းပုံပြည့် အင်အားဖြည့်ကြိုးစားနေရတဲ့အတွက် အခြားတစ်ဖက်မှာ မြို့နယ်ပြည်သူလူထုတွေရဲ့ဘဝလုံခြုံရေး၊ ယာဉ်ကြောပိတ်ဆို့မှု ရှင်းလင်းရေးတို့ကို တာဝန်ယူဆောင်ရွက်တဲ့အခါမှာ အင်အားပြည့်မသုံးနိုင်တော့တဲ့အတွက် တရားဥပဒေစိုးမိုးရေးဟာ တဖြည်းဖြည်းလျော့ကျလာပြီး အန္တရာယ်ရှိတဲ့အခြေအနေသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ခံစားနေရကြောင်း ပြည်သူများက ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များ မဲဆန္ဒနယ်သို့ ကွင်းဆင်းတဲ့အခါ သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ ဖုန်းဆက်၍ သော်လည်းကောင်း အမျိုးမျိုးတင်ပြ အကူအညီတောင်းကြလာတဲ့အတွက် အထူးသဖြင့် တယ်လီဖုန်း၊ ပိုက်ဆံအိတ်နဲ့ အခြားရွှေ၊ ငွေ၊ ရတနာများကို နေ့/ညမရွေး လုယူခံနေရတာပြည်သူများ ဆက်သွယ်အကူအညီတောင်းနေတဲ့အတွက် မြေပြင်အခြေအနေအမှန်ကို သိရှိနေရခြင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)မှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့မဏ္ဍိုင်ကြီး(၃)ရပ်ကို

အတတ်နိုင်ဆုံးပိုင်းခြားသုံးစွဲခြင်းဖြင့် အချင်းချင်းပြန်လည် ထိန်းကျောင်းခြင်းပြုလို့ ပြဋ္ဌာန်းထားပါတယ်။ ဥပဒေပြုရေးမဏ္ဍိုင်က ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမဲဆန္ဒရှင်ပြည်သူများရဲ့ ဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ်စားပြုဆောင်ရွက်ပေးရန် တာဝန်ရှိတဲ့အတွက် ယခုမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးရဲ့ မေးခွန်းအပေါ်မှာ ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်ဟာ ဧရိယာစတုရန်းမိုင် ၁၃.၅၄ ကျယ်ဝန်းပြီး ရပ်ကွက် ၂၁ ရပ်ကွက်၊ အိမ်ခြေ ၄၈၈၀၂ အိမ်၊ အိမ်ထောင်စု ၅၉၃၁၀ စု၊ လူဦးရေ ၂၇၇၈၄ ဦး နေထိုင်လျက်ရှိပါတယ်။ အင်းစိန်မြို့နယ်အတွင်း တညင်းကုန်းရပ်ကွက်၊ အောင်ဆန်းရပ်ကွက်၊ စဉ့်ငူရပ်ကွက်တို့နှင့် စက်မှုဇုန်နယ်မြေများမှာ အခြေခံလူတန်းစားများဖြစ်တဲ့ကျပန်းလုပ်ကိုင်စားသောက်သူများ၊ အခြားဒေသမှ ဝင်/ထွက်သွားလာနေထိုင်သူများ များပြားနေခြင်းကြောင့် ဥပဒေစိုးမိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ပြည်သူလူထုပူးပေါင်းပါဝင်တဲ့ ရပ်ရွာအခြေပြုရဲလုပ်ငန်းစနစ်ကို အဓိကထားပြီး ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ အင်းစိန်မြို့နယ်အတွင်း ၂၀၁၈ ခုနှစ်မှာ အမှုကြီး ၂၅ မှု၊ အခြားအမှု ၉၁၀ မှု ဖြစ်ပွား

ခဲ့ပြီး ကြိုတင်ကာကွယ်မှု ၁၉၉၂ မှုအား အရေးယူဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလကုန်အထိ အမှုကြီး ၁၉ မှု၊ အခြားအမှု ၄၈၇ မှုဖြစ်ပွားခဲ့ပြီး ကြိုတင်ကာကွယ်မှု ၂၃၀၅ မှုအား အရေးယူဆောင်ရွက်ခဲ့ပါတယ်။ အမှုဖြစ်ပွားမှုနှုန်းအရ ၂၀၁၈ ခုနှစ်မှာ လူဦးရေ တစ်သိန်းလျှင် အမှုကြီး ၉.၂၃ မှု၊ အခြားအမှု ၃၃၆ မှု၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလကုန်အထိ လူဦးရေတစ်သိန်းလျှင် အမှုကြီး ၇.၀၁ မှု၊ အခြားအမှု ၁၇၉.၈၄ မှုဖြစ်ပွားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရ ပါတယ်။ အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့မှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ အင်းစိန်မြို့မရဲစခန်းတို့တည်ရှိပြီး ဖွဲ့စည်းပုံအင်အားမှာ အရာရှိ ၁၉ ဦး၊ အခြားအဆင့် ၇၇ ဦး စုစုပေါင်း ၉၆ ဦးဖြစ်သော်လည်း လက်ရှိမှာ အရာရှိ ၂၈ ဦး၊ အခြားအဆင့် ၈၀ ဦး စုစုပေါင်း ၁၀၈ ဦးတို့ဖြင့် လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပါတယ်။ အမှတ်(၆၉) ယာဉ်ထိန်းတပ်ဖွဲ့စု အင်းစိန်မြို့နယ်မှာ ဖွဲ့စည်းပုံခွင့်ပြုအင်အား ၃၆ ဦးရှိပြီး လက်ရှိမှာ ၂၉ ဦး ချထား ပြီးဖြစ်၍ ဖွဲ့စည်းပုံအင်အားရဲ့ ၈၀.၅၆ ရာခိုင်နှုန်းဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံတော်ရဲ့လိုအပ်ချက်အရ တိုးချဲ့ဖွဲ့စည်းတဲ့တပ်ဖွဲ့များ၊ လေ့ကျင့်ရေးကျောင်း များအတွက်လည်း အင်အားများဖြည့်တင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အား ဖွဲ့စည်းပုံမှာ အရာရှိ၊ အခြားအဆင့် စုစုပေါင်း ၁၇၅၂၁၁ ဦးဖြစ်ပြီး လက်ရှိမှာ အရာရှိ၊ အခြားအဆင့် စုစုပေါင်း ၈၄၄၈၆ ဦးရှိတဲ့အတွက် ဖွဲ့စည်းပုံအင်အားရဲ့ ၄၈.၂၂ ရာခိုင်နှုန်းသာရှိသော်လည်း အင်းစိန် မြို့နယ်ရဲတပ်ဖွဲ့သို့ ဖွဲ့စည်းပုံအင်အားထက် ၁၂.၅ ရာခိုင်နှုန်းကျော်လွန်ဖွဲ့စည်းပေးပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖွဲ့စည်းပုံအင်အားပြည့်မီမှသာလျှင် နယ်မြေရဲစခန်းသစ် ထပ်မံတိုးချဲ့ဖွဲ့စည်းပေး နိုင်မည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အင်းစိန်မြို့နယ် နယ်မြေလိုအပ်ချက်အရ ရဲတပ်ဖွဲ့ဝင်များကို ဖွဲ့စည်းပုံအင်အားထက် ပိုမိုဖြည့်တင်းထားရှိပြီးဖြစ်၍ နယ်မြေရဲစခန်းသစ် ဖွင့်လှစ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် အမှတ်(၆၉)ယာဉ်ထိန်းရဲတပ်ဖွဲ့စု အင်းစိန်မြို့နယ်အတွက်လည်း လတ်တလော အင်အားဖြည့်တင်းပေးနိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မောင်ဦး(အင်းစိန်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးခွန်း မေးခွင့်ပြုပါခင်ဗျား။ ကျွန်တော့်ကို Slide နံပါတ်(၁၇)လေး ထိုးပေးပါ။ ဒီမှာ ကျွန်တော် တချို့အချက်အလက်တွေကတော့ လုံခြုံရေးစည်းကမ်းအရ Power Point မှာ မတင်ဖြစ်ပါဘူး။ ကျွန်တော့်မှာတော့ အချက်အလက်တွေ အကုန်ရှိပါတယ်။ ကျွန်တော်တို့နားလည်ပါတယ်။ ခုနက ဒုတိယဝန်ကြီးပြောသွားသလိုပေါ့။ အင်းစိန်မြို့နယ်ကိုတော့ အင်အားတွေဖြည့်ဆည်းပေးထားတာ ဟုတ်ပါတယ်။ သို့သော်လည်း အင်းစိန်မြို့နယ်က ခုနကျွန်တော်ပြောသလိုပေါ့။ အဓိက အင်းစိန် ဗဟိုအကျဉ်းထောင်ကြီးရှိသလို ကမ္ဘာကျော်အမှုတွေ ကျွန်တော်တို့အင်းစိန်မြို့နယ်မှာ ခရိုင်ရုံးက ဖြေရှင်းဆောင်ရွက်နေရပါတယ်။ ဒီလိုပဲ မင်္ဂလာဒုံလေယာဉ်ကွင်းကိုလည်း ကျွန်တော်တို့က အင်အား အပြည့်ပေးနေရတဲ့အတွက် ကျွန်တော်တို့အင်းစိန်မြို့နယ်မှာ အင်းအားတွေဖြည့်တင်းထားသော် လည်း ဒီအင်အားတွေက ထိထိရောက်ရောက် အသုံးမချနိုင်ပါဘူး။ ဥပမာ-ခုနကျွန်တော် Power Point မှာတင်ပြထားတဲ့အတိုင်းကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ရပ်ကွက်က ၂၁ ရပ်ကွက်ရှိပါ တယ်။ နယ်ထိန်းက ၁၃ ယောက်ပဲချပေးနိုင်ပါတယ်။ တစ်ရပ်ကွက်ကို တစ်ယောက်တောင် မချပေး နိုင်ဘူး ဖြစ်နေပါတယ်။ ဒါကလည်း ၂၄ နာရီ တာဝန်ထမ်းဆောင်ရမယ့်အခြေအနေပါ။ ဒီမှာပြန်ကြည့် မယ်ဆိုလို့ရှိရင် တကယ်တမ်းလှုပ်ရှားနေတဲ့အင်အားက တညင်းကုန်းရဲကင်းက သုံးယောက်၊ နယ်ထိန်းက ၁၃ ယောက်၊ လှည့်ကင်းလေးယောက် အားလုံးပေါင်း ရဲအယောက် ၂၀ ပဲ ကျွန်တော်တို့မြို့နယ်ထဲမှာ တကယ်တမ်းလှုပ်ရှားနိုင်တဲ့အခြေအနေပဲရှိပါတယ်။ ကျန်တဲ့လူတွေက လည်း ရုံးထိုင်နေရတဲ့အခြေအနေရှိပါတယ်။ ဒါကြောင့်မို့လို့ ဒုတိယဝန်ကြီးအနေနဲ့ ကျွန်တော်တို့ အင်းစိန်မြို့နယ်ရဲ့ အခက်အခဲမြေပြင်အခြေအနေအမှန်ကို ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်

တစ်ယောက်အနေနဲ့ သိသာထင်ရှားအောင် တင်ပြထားပြီးဖြစ်တဲ့အတွက် ဒီဟာနဲ့ပတ်သက်လို့ ပြန်လည်စဉ်းစားသုံးသပ် ပေးနိုင်ဖို့အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တစ်နိုင်ငံလုံးနဲ့ယှဉ်ပြီးတော့မှ လုပ်ငန်းများတာဝန်ထမ်းဆောင်တဲ့အခါမှာ ပြည်တွင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကို အဓိကတာဝန်ယူတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ အဲဒီတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်များအားလုံးနဲ့ယှဉ်ပြီးတော့မှ ဆောင်ရွက်ရတဲ့အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အင်းစိန်တစ်မြို့နယ်တည်းတင်မကဘူး။ ကျန်တဲ့မြို့နယ်တွေမှာပါ ပြန်ကြည့်မယ်ဆိုရင်တော့ အင်အားအရ ကျွန်တော်တို့ရဲ့ရာခိုင်နှုန်းဟာ ၄၈.၂၂ ရာခိုင်နှုန်းပဲရှိပါတယ်။ ဖွဲ့စည်းပုံပြည့်လာရင် နောက်ပိုင်းကျရင်တော့ အင်အားဖြည့်ဆည်းဖို့အတွက်ကို ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်တဲ့အခြေအနေမျိုးမှာဆိုရင်တော့ ထပ်မံဖြည့်တင်းပေးဖို့ ကျွန်တော်တို့အနေနဲ့ စဉ်းစားပေးလို့ရပါတယ်။ လက်ရှိအနေအထားမှာတော့ ကျန်တဲ့နေရာတွေမှာ အင်အားဖြည့်တင်းရတဲ့အနေအထားဖြစ်တဲ့အတွက် လောလောဆယ်မှာတော့ ကျွန်တော် ဖြည့်တင်းပေးနိုင်ခြင်းမရှိသေးကြောင်း တင်ပြအပ်ပါတယ်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို လိုအပ်ချက်နှင့်အညီ အင်အားတိုးချဲ့ဖွဲ့စည်းရန်နှင့် တပ်ဖွဲ့၏အခြေခံလိုအပ်ချက်များအပါအဝင် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရေး မည်သို့မည်ပုံစီမံဆောင်ရွက်ထားရှိကြောင်းသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့်ဒုတိယဝန်ကြီးများ

အားလုံးမင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ မြို့ရွာများတည်ငြိမ်အေးချမ်းပြီး ပြည်သူလူထုဘေးကင်းလုံခြုံစွာရှိရန် အနီးကပ်ဝန်ဆောင်မှုပေးရတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို လိုအပ်ချက်နှင့်အညီ အင်အားတိုးချဲ့ဖွဲ့စည်းဖို့ တပ်ဖွဲ့၏အခြေခံလိုအပ်ချက်များအပါအဝင်လုပ်ငန်းများ စွမ်းဆောင်ရည်မြင့်မားလာမှု မည်ကဲ့သို့စီမံဆောင်ရွက်ထားပါသလဲဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။

တည်ငြိမ်အေးချမ်းပြီးတော့ ဘေးကင်းလုံခြုံစွာ ပြည်သူလူထုနေထိုင်မှသာလျှင် တရားဥပဒေစိုးမိုးပြီးတော့ နိုင်ငံရဲ့ဖွံ့ဖြိုးမှုဟာရှိလာမှာ ဖြစ်ပါတယ်။ ဒီလိုအပ်ချက်ကို အဓိကဝန်ဆောင်မှုပေးရတာဟာ ရဲတပ်ဖွဲ့ပဲဖြစ်ပါတယ်။ ယခုအခါမှာ ဒါတွေကိုရဲတပ်ဖွဲ့မှ ဝန်ဆောင်မှုပြည့်ပြည့်ဝဝ မပေးနိုင်တာကို ကျွန်တော်တို့သွားတွေ့ရတာဖြစ်ပါတယ်။ ဒါဟာဘာလဲဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ရဲတပ်ဖွဲ့အင်အားဟာ ကျွန်တော်လေ့လာသိရှိရသမျှ ၇၀၀၀၀ ကျော် ၈၀၀၀၀ လောက်ပဲ ရှိတယ်လို့ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကမ္ဘာမှာကြည့်မယ်ဆိုလို့ရှိရင် ရဲတပ်ဖွဲ့ဝင်တစ်ယောက်ဟာ လူ ၄၀၀ ဦးကို တာဝန်ယူရတဲ့အပိုင်းရှိပြီးတော့ မြန်မာနိုင်ငံမှာတော့ လူတစ်ထောင်ကို ရဲတပ်ဖွဲ့ဝင်တစ်ယောက်လောက် တာဝန်ယူနေရပါတယ်။ အဓိကလူဦးရေထူထပ်တဲ့မြို့၊ ရွာတွေ၊ မြို့ကြီးတွေမှာ ကြည့်မယ်ဆိုလို့ရှိရင်တော့ ရဲတပ်ဖွဲ့ဝင်တစ်ဦးဟာ ၁၂၀၀ ပတ်ဝန်းကျင်လောက် တာဝန်ယူနေရတာ ရှိပါတယ်။ ဒီလိုတာဝန်ယူရတဲ့အပြင် ရဲတပ်ဖွဲ့ဝင်အင်အားကလည်းနည်းပြီးတော့ အဓိကတရားရုံးထုတ်တဲ့အခါမှာ ဝန်ဆောင်မှု ပေးရ၊ ဘဏ်ငွေသွင်း၊ ငွေထုတ်လုပ်တဲ့အခါမှာ ဝန်ဆောင်မှုပေးရ၊ လမ်းလုံခြုံရေးဝန်ဆောင်မှုပေးရနဲ့ ထောင်ကျအကျဉ်းသားတွေကိုပို့တဲ့အခါမှာ ဝန်ဆောင်မှုပေးရတဲ့ အခါကျတော့ ရဲတပ်ဖွဲ့ဝင်အင်အားဟာ ရဲစခန်းလုံခြုံရေးလောက်ပဲရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကိုမလုပ်နိုင်ဘူး။ အမှုဖြစ်ပြီးမှသာလျှင်

ဒဏ်ရာရတဲ့လူကို ဆေးရုံပို့၊ အမှုဖွင့်၊ သေတဲ့လူကိုအလောင်းကောက် တရားခံထွက်ပြေးတဲ့အခါမှာလည်းအင်အားမရှိတဲ့အခါကျတော့ တရားခံပြေးနဲ့အမှုဖွင့်ရတဲ့ အဲဒီလိုအခြေအနေမျိုးတွေကို ကျွန်တော်တို့ လက်ရှိတွေ့နေရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရဲတပ်ဖွဲ့ရဲ့အင်အားနည်းမှုပေါ်မှာ ပြည်သူလူထုကမသိတဲ့အခါကျတော့ ရဲတပ်ဖွဲ့ဝင်များဟာတာဝန်ယူမှု၊ တာဝန်ခံမှုနည်းပါးတယ်ဆိုပြီး တော့ယုံကြည်မှုအား အများကြီးနည်းလာတာကိုလည်း သွားတွေ့ရတာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ရဲတပ်ဖွဲ့ပေါ်မှာ လစာစရိတ်၊ ခရီးစရိတ်၊ ဆက်စပ်ပစ္စည်းများရပိုင်ခွင့် ဒီဟာတွေနဲ့ ပတ်သက်လို့လည်းပဲ ကျွန်တော်တို့တွေ့ရတာဟာ လွန်စွာအားနည်းနေတာကိုတွေ့ရပါတယ်။ ထို့အတူပဲ ရဲတပ်ဖွဲ့ဝင်တွေဟာ ကြာလာသည်နှင့်အမျှ လုပ်ငန်းစွမ်းဆောင်ရည်တွေ နည်းလာပြီးတဲ့အခါကျတော့ စွဲဆိုတဲ့အမှုတွေပေါ်မှာလည်းပဲ အခက်အခဲတွေများစွာတွေ့သလို တချို့ကိစ္စတွေမှာ လုံခြုံမှုပေးရာမှာလည်းပဲ များစွာအားနည်းနေတာကိုတွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ပြည်သူလူထုအတွင်းမှာ တရားဥပဒေစိုးမိုးပြီးတော့ ရဲတပ်ဖွဲ့ဝင်အင်အားတိုးချဲ့နိုင်ရေးနဲ့ ပတ်သက်ပြီး၍သော်လည်းကောင်း၊ ရဲတပ်ဖွဲ့ရဲ့ စွမ်းဆောင်ရည်မြင့်မားလာရေးနဲ့သော်လည်းကောင်း၊ ဆက်စပ်တဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ရေးနဲ့ပတ်သက်လို့သော်လည်းကောင်း ဝန်ကြီးဌာနက မည်ကဲ့သို့များ စီမံဆောင်ရွက်ထားပါသလဲလို့ ကျွန်တော် လေးစားစွာ မေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊

ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အချို့နေရာများမှာ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မှုခင်းဖြစ်ပွားမှုမြင့်မားခြင်းဟာ ဒီမိုကရေစီဖြစ်ထွန်းစနိုင်ငံများအတွက် ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီးတော့မှ မှုခင်းဖြစ်ပွားစေတဲ့ အခြေခံအကြောင်းရင်းများကို Power Point ဖြင့် တင်ပြအပ်ပါတယ်။ ဆင်းရဲချမ်းသာကွာဟမှုကြီးမားခြင်းအပါအဝင် တင်ပြပါအတိုင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖွဲ့စည်းပုံမှာ အရာရှိ ၂၈၇၃၆ ဦး၊ အခြားအဆင့် ၁၄၆၄၇၅ ဦး စုစုပေါင်း ၁၇၅၂၁၁ ဖြစ်ပြီးတော့မှ ၂၀၁၉ ခုနှစ် အောက်တိုဘာလအထိ အရာရှိ ၁၅၀၀၈ ဦး၊ အခြားအဆင့် ၆၉၄၇၈ ဦး စုစုပေါင်း ၈၄၄၈၆ ဦးရှိတဲ့အတွက် ဖွဲ့စည်းပုံအင်အားရဲ့ ၄၈.၂၂ ရာခိုင်နှုန်းဖြင့် တာဝန်ဝတ္တရားများ ထမ်းဆောင်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့လူဦးရေမှာ ၅၄ သန်းကျော်ရှိတဲ့အတွက် ရဲတပ်ဖွဲ့နှင့် ပြည်သူအချိုးမှာ ၁း၆၄၃ ဦးဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖွဲ့စည်းပုံပြည့်မီရေးအတွက် ၁၃-၂-၂၀၁၉ ရက်စွဲပါစာနဲ့ နိုင်ငံတော်သမ္မတရုံးမှ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်တပ်ဖွဲ့၊ ဦးစီးဌာနများ၌ ဖွဲ့စည်းပုံ၏ရာခိုင်နှုန်းပြည့်ခန့်အပ်နိုင်ရေးမူအဖြစ် သဘောတူခွင့်ပြုပြီးဖြစ်တဲ့အတွက် အင်အားပြည့်မီရေး စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို အဓိကတာဝန်ယူရတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ နိုင်ငံတော်အဆင့်အကြီးအကဲများ၊ အစည်းအဝေးများ၊ စီမံကိန်းများ၊ အရေးကြီးလမ်းတံတားများ၊ ၊ နိုင်ငံခြားသံတမန်များနှင့် နယ်စပ်ဒေသလုံခြုံရေးများဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အရေးကြီးတဲ့အတွက် အဆိုပါတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ၂၇ ခုနှင့် နယ်ခြားစောင့်

လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှစ်ခုတို့ကိုဖွဲ့စည်း၍ တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့အပြင် တရားဥပဒေ စိုးမိုးရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေရဲတပ်ဖွဲ့များမှ တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့လုပ်ငန်းစဉ်များကို Power Point ဖြင့် တင်ပြအပ်ပါ တယ်။

တင်ပြပါအတိုင်း တရားခံများ ရုံးထုတ်ခြင်းအပါအဝင် တင်ပြပါအတိုင်း ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ ၂၀၁၉ ခုနှစ် အောက်တိုဘာ လအထိ အမှုကြီး ၁၀ မျိုး၊ အခြားအမှု ၁၀ မျိုးနှင့် ကြိုတင်ကာကွယ်မှု ၁၀ မျိုး၊ ကာလတူ ၂၀၁၈ ခုနှစ် အောက်တိုဘာလအထိဖြစ်ပွားတဲ့အမှု နှိုင်းယှဉ်ချက်ကို လူဦးရေတစ်သိန်းနှုန်းနှင့် တွက်ချက်ထားမှု အား Power Point ဖြင့် တင်ပြအပ်ပါတယ်။ ဒီမှာတော့ ပြန်ကြည့်မယ်ဆိုရင်တော့ လူသတ်မှု ကတော့ ၁၆ မှုတိုးလာတာဖြစ်ပါတယ်။ ဓားပြမှုနှစ်မှုတိုးလာပြီးတော့မှ လုယက်မှု ၇၀ မှုလျော့သွား ပါတယ်။ ပြန်ပေးဆွဲမှုငါးမှုတိုးလာပါတယ်။ မုဒိမ်းမှု ၂၂၈ မှုလျော့သွားပါတယ်။ ဖောက်ထွင်းမှုသုံးမှု၊ တိရစ္ဆာန်ခိုးမှုခုနစ်မှု၊ လက်နက်မှုမှာခုနစ်မှုတိုးလာကြောင်း တင်ပြအပ်ပါတယ်။ စုစုပေါင်း ပြန်ကြည့်မယ်ဆိုရင်တော့ အမှုကြီးစုစုပေါင်း ၃၀၀ လျော့ကျသွားတာတွေ့ရမှာ ဖြစ်ပြီးတော့မှ အခြားအမှု စုစုပေါင်းက ၄၁၃၅ မှုလျော့ကျသွားကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ တစ်နိုင်ငံလုံးကခြုံကြည့်မယ်ဆိုရင် ရဲနှင့်ပြည်သူအချိုးဟာ ၁း၆၄၃ ဦးရှိပေမဲ့ ပြည်သူလူထုနေထိုင်မှုထူထပ်တဲ့ တိုင်းဒေသကြီးများမှာ ရဲနှင့်ပြည်သူအချိုးဟာ ၁း၁၀၇၈ ဦးခန့်ရှိတဲ့အတွက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ကြိုတင် ကာကွယ်မှုအခြေခံပြီးတော့မှ ဒေသရှိပြည်သူများရဲ့ တွန်းအားဖြင့်လုပ်ဆောင်တဲ့ ပြည်သူလူထု ပူးပေါင်းပါဝင်တဲ့ ရဲလုပ်ငန်းစဉ် Community Policing ဖြင့် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိတဲ့အပြင် မှုခင်းထူထပ်တဲ့ မန္တလေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မှာ Police

Command Center ကိုဖွင့်လှစ်ပြီး မန္တလေးမြို့ပေါ်လေးမြို့နယ်ရှိ ယခင်ပြစ်မှုအများဆုံးဖြစ်ပွားခဲ့တဲ့ နေရာ ၂၁ နေရာမှာ ရွှေ့လျားကင်မရာနှင့် ပုံသေကင်မရာ ၄၀ လုံးအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှာ Command and Control Center ကို ဖွင့်လှစ်ပြီးတော့မှ ရန်ကုန်မြို့တွင်းနှင့် ပြည်သူများသွားလာတဲ့ အမှုများပြားတဲ့နေရာ ၄၅ နေရာကို CCTV Camera ၃၁၄ လုံးအား တပ်ဆင်ပြီး ပြည်သူများကို စောင့်ကြည့်အကာအကွယ်ပေးလျက်ရှိပါတယ်။ ပြစ်မှုများကြိုတင်ကာကွယ်ရေးအတွက် ၂၀၁၈ ခုနှစ်မှာ ကြိုတင်ကာကွယ်မှု ၂၂၀၁၄၄ မှုအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်အောက်တိုဘာလအထိ ကြိုတင်ကာကွယ်မှုဟာ ၃၀၄၂၅၉ မှု တိုးမြှင့်ဖော်ထုတ်ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ ရဲလေ့ကျင့်ရေးသင်တန်းကျောင်း ခုနစ်ကျောင်းဖွင့်လှစ်ပြီး သင်ရိုးညွှန်းတမ်းများအား ခေတ်နှင့်အညီရေးဆွဲ၍ အရာရှိ၊ အခြားအဆင့်၊ တပ်ဖွဲ့ဝင်များအတွက် သင်တန်းပို့ချပေးတဲ့သင်တန်းများကို Power Point ဖြင့်တင်ပြအပ်ပါတယ်။ ခရိုင်မှူးသင်တန်းအပါအဝင် တင်ပြပါသင်တန်းများ ကျွန်တော်တို့ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့မှူးများ မွမ်းမံသင်တန်းများကိုလည်း စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အရာရှိများဟာ အဆင့်လိုက်သတ်မှတ်ဖွင့်လှစ်ထားတဲ့ သင်တန်းများကို တက်ရောက်ပြီးမှာသာလျှင် အဆင့်လိုက်သတ်မှတ်ထားတဲ့တာဝန်များကို ပေးအပ်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ရဲတပ်ဖွဲ့မှဖွင့်လှစ်တဲ့ သင်တန်းများအပြင် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုများအတွက် ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂနှင့် နိုင်ငံတကာတို့မှ သင်တန်းများကို အလုပ်ရုံဆွေးနွေးပွဲများ၊ တပ်မတော်ဆိုင်ရာသင်တန်းများမှပို့ချခြင်း၊ တက်ရောက်ဆွေးနွေးစေခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ သင်တန်းနှင့်အလုပ်ရုံဆွေးနွေးပွဲတက်ရောက်မှုများကို Power Point ဖြင့် တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံ

ရဲတပ်ဖွဲ့အနေနဲ့ ပြစ်မှုများကို စုံစမ်းထောက်လှမ်းရာမှာ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများအပေါ် အခြေခံ၍ ငွေစက္ကူအတုများ၊ လက်မှတ်အတုများ၊ ကုန်ပစ္စည်းအမှတ်တံဆိပ်များ၊ မမြင်ရတဲ့ လျှို့ဝှက်စာများ၊ DNA စစ်ဆေးခြင်း၊ ကွန်ပျူတာ၊ မိုဘိုင်းဖုန်းနှင့်ဆက်စပ်တဲ့ ဆက်သွယ်ရေး ကွန်ယက်စနစ်မှုခင်းများနှင့် လက်နက်ခဲယမ်းဆိုင်ရာမှုခင်းများအား ဖော်ထုတ်ပေးခြင်းတို့ကို ခေတ်မီနည်းပညာ အထောက်အကူပြုပစ္စည်းများဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ တရားမဝင် မူးယစ်ဆေးဝါးသယ်ဆောင်မှုများကိုလည်း ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် Mobile X-Ray မော်တော်ယာဉ်နှစ်စီးနှင့် Mini X-Ray စက်ရှစ်လုံးအား ဝယ်ယူပြီးတော့မှ မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေးလုပ်ငန်းများမှာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့အပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ Mobile X-Ray မော်တော်ယာဉ်အသစ်နှစ်စီး ထပ်မံဝယ်ယူရန် စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တပ်ဖွဲ့ဝင်များနေထိုင်ရေးအဆင်ပြေစေရန်အတွက် လက်ရှိ နေထိုင်လျက်ရှိတဲ့ နေအိမ်လိုင်းခန်းများမှ ပြုပြင်ရန်ရှိတဲ့နေအိမ်လိုင်းခန်းများ၊ အသစ်ဆောက်လုပ် ရန်လိုအပ်တဲ့ နေအိမ်လိုင်းခန်းများကို ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးခဲ့တဲ့အခါမှာ ရဲစခန်း ၆၄၀ ခုအတွက် အဆောက်အဦ ၁၆၉၈ လုံးအား ပြင်ဆင်မွမ်းမံ ခြင်းလုပ်ငန်းအားလည်းကောင်း၊ ရဲစခန်း ၂၆၈ ခုအတွက် အဆောက်အဦ ၆၉၈ လုံးအား အသစ် ဆောက်လုပ်ပေးခြင်းလုပ်ငန်းအားလည်းကောင်း ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက် ပေးလျက်ရှိပါတယ်။ သို့ပါ၍ မြို့ရွာများတည်ငြိမ်အေးချမ်းပြီး ပြည်သူလူထု ဘေးကင်းလုံခြုံစွာ သွားလာနေထိုင်လုပ်ကိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပြင် အဖွဲ့အစည်းပေါင်းစုံ၊ ကဏ္ဍ ပေါင်းစုံတို့မှ တာဝန်ရှိသူများ စုပေါင်းပါဝင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ အမျိုးသား အဆင့် မှုခင်းကြိုတင်ကာကွယ်ရေးမဟာဗျူဟာအား စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီ

ဖြစ်ပါကြောင်းနှင့် ဖွဲ့စည်းပုံပြည့်မီရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း၊ တပ်ဖွဲ့ဝင်များ အရည်အချင်းမြင့်မားတိုးတက်မှုရှိစေရန် ရဲတပ်ဖွဲ့မှဖွင့်လှစ်တဲ့သင်တန်းများ၊ ပြည်ပမှဖွင့်လှစ်တဲ့ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ စဉ်ဆက်မပြတ်တက်ရောက်စေသည့်အပြင် တပ်ဖွဲ့ တစ်ခုလုံးရဲ့လိုအပ်ချက်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ထောက်ပံ့ရေးဌာနကြီး၊ မြို့နယ် အသီးသီးမှာရှိတဲ့ ငွေစာရင်းများဖွင့်လှစ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပြီဖြစ်ပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ရွာငံမြို့နယ်၊ မြင်းကျဒိုးကျေးရွာအုပ်စုအတွက် မီးသတ်စခန်းနှင့် မီးသတ်ယာဉ်များချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်စိုးမင်း(ရွာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော် များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိုးမင်း ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမြန်းမယ့်မေးခွန်းကတော့ ရွာငံ မြို့နယ်၊ မြင်းကျဒိုးကျေးရွာအုပ်စုအတွက် မီးသတ်စခန်းနှင့် မီးသတ်ယာဉ်များချထားပေးရန် အစီ အစဉ်ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်ဟာ မြို့ပေါ်ရပ်ကွက်သုံးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၈ အုပ်စု၊ ကျေးရွာပေါင်း ၁၂၅ ရွာနဲ့ ဖွဲ့စည်းထားတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ရွာငံမြို့ပေါ်ရှိ မီးသတ်စခန်း ဖွဲ့စည်းပုံမှာ သန္ဓေ ၁၈ ဦး၊ အရာရှိတစ်ဦး၊ အခြားအဆင့် ၁၇ ဦး စုစုပေါင်း ၃၆

ဦးရှိပြီးတော့ မီးသတ် ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်နှစ်စီး စုစုပေါင်းလေးစီးရှိပါတယ်။ ရွှာင်မြို့နယ်ရဲ့ မြောက်ဘက် ခြမ်းမှာရှိတဲ့ မြို့ကြီးနယ်မြေမီးသတ်စခန်းဖွဲ့စည်းပုံမှာ သန္တေခုနစ်ဦး၊ အရာရှိတစ်ဦး၊ အခြားအဆင့် ခြောက်ဦး စုစုပေါင်း ၁၄ ဦးရှိပြီးတော့ မီးငြိမ်းသတ်ယာဉ် နှစ်စီးရှိပါတယ်။ ရွှာင်မြို့နယ်ရဲ့ တောင်ဘက်ခြမ်းမှာတော့ နယ်မြေမီးသတ်စခန်းနှင့် မီးသတ် ယာဉ်များ အခုအချိန်ထိ မရှိသေးပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှာင်မြို့နယ်၊ မြင်းကျဒိုးကျေးရွာ အုပ်စုဟာ ကျေးရွာ ၁၀ ရွာ၊ အိမ်ထောင်စု ၁၈၀၀ စုနှင့် လူဦးရေ ၇၀၀၀ ကျော်နေထိုင်သော ကျေးရွာ အုပ်စုဖြစ်ပါတယ်။ မြို့ပြအင်္ဂါနှင့်ညီညွတ်သော ရဲစခန်း၊ ဈေး၊ အခြေခံပညာအထက်တန်းကျောင်းနှင့် စာစစ်ဌာနရှိခြင်း၊ ကျေးလက်ကျန်းမာရေးဌာနနှင့် စံကိုက်တိုက်နယ်ဆေးရုံရရှိရန်မှာ ဆောင်ရွက် လျက်ရှိပြီး လျှပ်စစ်မီးရရှိသောဒေသ ဖြစ်ပါတယ်။ မြင်းကျဒိုးကျေးရွာအုပ်စုဟာ မီးသတ်စခန်း တည်ရှိရာ ရွှာင်မြို့နှင့် ၂၂ မိုင်ကျော်ကွာဝေးပြီးတော့ မီးဘေးအန္တရာယ်ကျရောက်ပါက မီးသတ်ယာဉ် များ အချိန်မီမရောက်ရှိနိုင်သော ဒေသဖြစ်ပါတယ်။ မြင်းကျဒိုးကျေးရွာအုပ်စု နယ်မြေမီးသတ်စခန်း ပြုလုပ်ရန် မြေနေရာအား မြင်းကျဒိုးကျေးရွာ ကွင်းအမှတ်(၁၉၉)၊ ဦးပိုင်အမှတ်(၂၀) ဧရိယာ ၁.၁၀ ဧက ရှိ ၁၉၉ ကျေးရွာပိုင်မြေအား မီးသတ်စခန်း ဆောက်လုပ်ရန်အတွက် မီးသတ်ဦးစီးဌာနသို့ လှူဒါန်းပြီး ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ရွှာင်မြို့နယ်တောင်ဘက်ခြမ်းမှာ ပထဝီဝင်အနေအထားအရ အရေးပါသော မြင်းကျဒိုးကျေးရွာအုပ်စုအတွက် နယ်မြေမီးသတ်စခန်း နှင့်မီးသတ်ယာဉ်များ ချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ရွှာင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိုးမင်းရဲ့မေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်၊ ရွှာင်မြို့နယ်မှာ မြို့နယ်မီးသတ်ဦးစီးမှူးရုံး၊ မြို့နယ်မီးသတ်စခန်း၊ ဒုတိယမီးသတ် ဦးစီးမှူးအပါအဝင် မီးသတ်တပ်ဖွဲ့ဝင် ၁၉ ဦး၊ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ်နှစ်စီး စုစုပေါင်း မီးသတ်ယာဉ်သုံးစီးဖြင့်လည်းကောင်း၊ မြို့ကြီးမီးသတ်နယ်မြေ မီးသတ်စခန်းမှာ လက်ထောက်ဦးစီးမှူးအပါအဝင် တပ်ဖွဲ့ဝင်ခုနစ်ဦး၊ မီးငြိမ်းသတ်ယာဉ်နှစ်စီးတို့ဖြင့်လည်းကောင်း မြို့နယ်ရဲ့မီးဘေးလုံခြုံရေးတာဝန်များကို ဆောင်ရွက်လျက်ရှိပါတယ်။ ရွှာင်မြို့နယ်၊ မြင်းကျဒိုး ကျေးရွာအုပ်စုမှာ အိမ်ခြေ ၁၇၀၈ လုံး၊ အိမ်ထောင်စု ၁၇၀၈ စု၊ ကျေးလက်ဆေးပေးခန်းတစ်ခု၊ ရဲကင်းစခန်းတစ်ခု၊ အထက်တန်းကျောင်းနှစ်ကျောင်း၊ အလယ်တန်းကျောင်းနှစ်ကျောင်း၊ မူလတန်း ကျောင်း ၁၀ ကျောင်းရှိပြီး အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးဖြင့် ကျေးရွာအုပ်စု မီးဘေးလုံခြုံရေး လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါတယ်။ ၁၀ နှစ်အတွင်း မီးလောင်မှုမရှိပါ။ မြင်းကျဒိုး ကျေးရွာအုပ်စု၊ မြင်းကျဒိုးအရှေ့ကွင်း ကွင်းအမှတ်(၁၉၉) မှာတည်ရှိတဲ့ မြေဧရိယာ ၁.၁၀ ဧကကို ကျေးရွာအရန်မီးသတ်စခန်းအဖြစ်အသုံးပြုရန် ကျေးရွာအုပ်စု အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် လျှာဒါန်းခဲ့ပြီး ရွှာင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြေအမည်ပေါက်ရရှိရေး ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်။ ရွှာင်မြို့နယ်၊ မြင်းကျဒိုးကျေးရွာအုပ်စုမှာ အရေးပေါ်မီးလောင်မှုများ ဖြစ်ပွားလာပါက ရွှာင်မီးသတ်စခန်းမှ မီးသတ်ယာဉ်သုံးစီး၊ မြို့ကြီးမီးသတ်စခန်းမှ မီးသတ်ယာဉ် နှစ်စီး စုစုပေါင်း မီးသတ်ယာဉ်ငါးစီးတို့ဖြင့် သွားရောက်ငြိမ်းသတ်နိုင်ပါတယ်။

မီးသတ်ဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်(ရန်ကုန်)တို့ အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ဖွဲ့စည်းပုံ ခွင့်ပြုပြီးသော မီးသတ်စခန်းများတွင် မီးသတ်စခန်းအဆောက်အဦဆောက်လုပ်ခြင်း၊ ဝန်ထမ်း နေအိမ်များဆောက်လုပ်ခြင်း၊ မီးသတ်ယာဉ်များဖြည့်ဆည်းပေးခြင်းအား သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရဘဏ္ဍာရန်ပုံငွေဖြင့်လည်းကောင်း အသီးသီးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်မှာ မီးသတ်ဦးစီးဌာနမှူးရုံးတစ်ရုံး၊ ခရိုင်မီးသတ်ဦးစီးဌာနမှူးရုံး ၁၃ ရုံး၊ ခရိုင်မီးသတ်စခန်း ၁၃ ခု၊ မြို့နယ်မီးသတ်စခန်းဦးစီးဌာနမှူးရုံး ၅၅ ရုံး၊ မီးသတ်စခန်း ၅၅ ခု၊ နယ်မြေမီးသတ်စခန်း ၇၀ ခု ဖွင့်လှစ်သွားရန် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရထားပြီးဖြစ်ရာ ပြည်နယ်မီးသတ်ဦးစီးမှူးရုံးတစ်ရုံး၊ ခရိုင်မီးသတ် ဦးစီးမှူးရုံးငါးရုံး၊ ခရိုင်မီးသတ်စခန်းငါးခု၊ မြို့နယ်မီးသတ်ဦးစီးမှူးရုံး ၄၉ ရုံး၊ မြို့နယ်မီးသတ်စခန်း ၄၉ ခု နှင့် နယ်မြေမီးသတ်စခန်း ၅၄ ခုအတွက် မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာများကိုသာ ဆောက်လုပ် ပေးနိုင်ခဲ့ပြီး ခရိုင်မီးသတ်ဦးစီးမှူးရှစ်ရုံး၊ ခရိုင်မီးသတ်စခန်းရှစ်ခု၊ မြို့နယ်မီးသတ်ဦးစီးမှူးရုံးခြောက်ရုံး၊ မြို့နယ်မီးသတ်စခန်းခြောက်ခုနှင့် နယ်မြေမီးသတ်စခန်း ၁၆ ခုအား ဆောက်လုပ်ပေးရန် ကျန်ရှိလျက် ရှိပါတယ်။

သို့ပါ၍ ရှမ်းပြည်နယ်အတွင်း ဖွဲ့စည်းပုံခွင့်ပြုပြီးသော မီးသတ်စခန်းများအတွက် မြေနေရာ ရရှိရေး၊ မီးသတ်စခန်းအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရေး၊ မီးသတ်ယာဉ်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆောင်ရွက်နေရခြင်း၊ အရေးပေါ်မီးလောင်မှုဖြစ်ပွားပါက ရွာင် မီးသတ်စခန်းမှ မီးသတ်ယာဉ်သုံးစီးနှင့် မြို့ကြီးနယ်မြေမီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး စုစုပေါင်း ငါးစီးတို့ဖြင့် သွား၍ငြိမ်းသတ်နိုင်ခြင်း၊ မြင်းကျဒိုးကျေးရွာအုပ်စုဟာ နယ်မြေမီးသတ်စခန်း ဖွဲ့စည်းပုံ

မရှိသေးခြင်းတို့ကြောင့် ရွာငံမြို့နယ်၊ မြင်းကျဒိုးကျေးရွာအုပ်စုမှာ မီးသတ်စခန်းနှင့် မီးသတ်ယာဉ်များ ချထားပေးရန်အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်စိုးမင်း(ရွာငံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။ ဖြေကြားပေးတဲ့အတွက် ပြည်ထောင်စုဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ဒါကတော့ မီးသတ်ကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ဖွဲ့စည်းပုံတွေ၊ တိုးချဲ့တာတွေ ကျရင်လုပ်ပေးမယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ရွာငံမြို့နယ်ရဲ့အခြေအနေဟာ ဥက္ကဋ္ဌကြီးကို တင်ပြခဲ့သလို ရှမ်းပြည်နယ်(တောင်ပိုင်း)ဟာ ဒုတိယအကျယ်ဆုံးမြို့နယ်ဖြစ်ပါတယ်။ ခုနက ဒုတိယဝန်ကြီးဖြေသွားတဲ့အထဲမှာ မြင်းကျဒိုးအုပ်စုမှာ မီးလောင်မှုဖြစ်ရင် မြို့ကြီးဘက်က မီးသတ်ယာဉ်လာငြိမ်းဖို့ဆိုတာ ဘယ်လိုမှမလွယ်ပါဘူး။ တောင်ဆင်း/တောင်တက်လမ်းတွေပါ။ အဲဒီတော့ မြေပြင်အခြေအနေမှာ ရွာငံမြို့နယ်ဟာ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ဒုတိယအကျယ်ဆုံးဖြစ်တဲ့အတွက် မြို့ပေါ်ကမီးသတ်ယာဉ်သုံးစီးလောက်နဲ့ကတော့ အုပ်စုထဲမှာ တောင်ပေါ်ဒေသဖြစ်တဲ့အတွက် အင်မတန်ကျယ်ဝန်းပါတယ်။ ၂၂ မိုင်ဆိုပေမဲ့လို့ မြင်းကျဒိုးနေရာကိုပဲ ပြောတာပါ။ အဲဒီတော့ နယ်မြေကျယ်ဝန်းတယ်။ ရွာငံမြို့နယ်ရဲ့ဖွဲ့စည်းပုံမှာ မြို့ပေါ်မှာတစ်နေရာရှိမယ်။ မြောက်ဘက်အခြမ်းမှာတစ်ခုရှိမယ်။ တောင်ဘက်ခြမ်းမှာလုံးဝမရှိသေးဘူး။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနအနေနဲ့ ဦးစားပေးအစီအစဉ်နဲ့ နောင်လာမယ့်အစီအစဉ်တွေမှာ မြင်းကျဒိုးအုပ်စုအတွက် ကို မီးသတ်စခန်းအတွက် ရွာငံတစ်မြို့နယ်လုံးရဲ့ တောင်ပိုင်းမှာအရေးပါတဲ့အတွက် ဦးစားပေး အစီအစဉ်နဲ့ နောင်ဖွဲ့စည်းပုံတွေ တိုးချဲ့တဲ့အခါမှာ ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ဖွဲ့စည်းပုံအသစ်ရရှိဖို့အတွက်ကတော့ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအစိုးရရဲ့ ထောက်ခံချက်နဲ့ ကျွန်တော်တို့ဆီကို ပြန်လည်တင်ပြရမှာဖြစ်ပါတယ်။ ဒီကနေမှ ကျွန်တော် အဆင့်ဆင့်ဆက်လက်တင်ပြပြီးတော့မှ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒါကို သက်ဆိုင်ရာနယ်မြေက ဆောင်ရွက်ပေးမယ်ဆိုရင် ကျွန်တော် ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**လင်းခေးမြို့နယ် ပြည်သူ့ရဲစခန်း၏ လိုအပ်လျက်ရှိသော အဆင့်မီဝန်ထမ်းအိမ်ရာများကို ဆောက်လုပ်ပေးရန် အစီအစဉ်အား မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဦးစိုင်းဘသိန်း(လင်းခေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘသိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးမြို့နယ် ပြည်သူ့ရဲစခန်းမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ပြည်သူ့ရဲဝန်ထမ်းများရဲ့ အိမ်ရာအများစုဟာ ၁၉၆၀ ခုနှစ်ကျော်ကာလများမှာ တည်ဆောက်ခဲ့တဲ့ သွပ်မိုးပျဉ်ကာအဆောက်အဦများ ဖြစ်ကြပါတယ်။ လက်ရှိမြေပြင်အခြေအနေကို Power Point ဖြင့် တင်ပြခွင့်ပြုစေလိုပါတယ်။

ဒါကတော့ ကျွန်တော်တို့ ရဲအရာရှိတစ်ဦးရဲ့နေအိမ်ပါ။ အဆောက်အအုံများဟာ နှစ်ပေါင်းကြာမြင့်ပြီဖြစ်တဲ့အတွက် ဆွေးမြည့်ယိုယွင်းပြီးတော့ မည်သို့ပင်ပြုပြင်ထိန်းသိမ်းနေသော်လည်း နေထိုင်ရန်လုံးဝမလုံခြုံတော့သော အခြေအနေမှာဖြစ်နေပါတယ်။ ဒါလက်ရှိအခြေအနေပါ။ ဒါကတော့ကျွန်တော်တို့ ဒုရဲမှူးကြီးရဲ့နေအိမ်ပါ။ ဒါကမိသားစုနဲ့နေတဲ့ ရဲဝန်ထမ်းတွေရဲ့နေအိမ်ပါ။ ဒါကတော့လက်ရှိတစ်ခုတည်းသော နိုင်ငံတော်ကနေ ဆောက်လုပ်ပေးတဲ့ ခေတ်မီတဲ့အဆောက်အအုံ

ဖြစ်ပါတယ်။ ဒါကတော့ကျွန်တော်တို့ ရဲစခန်းထဲမှာ ပိုနေတဲ့မြေနေရာတွေဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ရပ်ရွာလုံခြုံရေးနဲ့ အေးချမ်းသာယာရေးအတွက် တာဝန်ထမ်းဆောင်နေကြတဲ့ ရဲဝန်ထမ်းများရဲ့နေထိုင်မှုအဆင်ပြေမှသာ မိမိတို့ရဲ့တာဝန်ကိုနောက်ဆံမတင်းဘဲနဲ့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ယခုအခါနိုင်ငံတော်မှ ဝန်ထမ်းအိမ်ရာအသစ်တစ်ဆောင် ဆောက်ပေးထားသော်လည်း များစွာလိုအပ်နေသေးတာကို တွေ့ရပါတယ်။ အဆောက်အဦများထပ်မံဆောက်လုပ်မယ်ဆိုရင် ခုနကပြသွားတဲ့အတိုင်း မြေနေရာလည်းရှိပါတယ်။ ရဲဝန်ထမ်းထဲမှာအိမ်ထောင်သည်ဟာ ကျွန်တော်တို့လင်းခေးမြို့နယ်ရဲစခန်းမှာ ထက်ဝက်ကျော်ပါဝင်ပါတယ်။ တချို့သောရဲဝန်ထမ်းများဟာ မြို့တွင်းရပ်ကွက်တွေမှာနေထိုင်ရတဲ့အတွက် ရဲလုပ်ငန်းလုပ်ဆောင်ရာမှာ မဆီလျော်မှုတွေ တွေ့နေရပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ လင်းခေးမြို့နယ်ပြည်သူ့ရဲစခန်းရဲ့ လိုအပ်လျက်ရှိတဲ့ အဆင့်မီဝန်ထမ်းအိမ်ရာများကို ခေတ်စနစ်နဲ့အညီ ဆောက်လုပ်ပေးရန်အစီအစဉ်ကို မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်သက်ဆိုင်ရာသို့ မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ လင်းခေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘသိန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့်မြို့မရဲစခန်းတို့အား လင်းခေးမြို့၊ ဝမ်လွိုင်ရပ်ကွက်မှာ တပ်ဖွဲ့အမည်ပေါက် နှစ် ၃၀ မြေငှားဂရန်ရရှိသည့် မြေဧရိယာ ၇.၅၄ ဧကပေါ်မှာ တစ်စုတစ်စည်းတည်း တည်ရှိပါတယ်။ လင်းခေးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှာ အရာရှိ ငါးဦး၊ အခြားအဆင့်ငါးဦး၊ စားရေးဝန်ထမ်းတစ်ဦး စုစုပေါင်း ၁၁ ဦး၊ လင်းခေးမြို့မရဲစခန်းမှာ

အရာရှိ ငါးဦး၊ အခြားအဆင့် ၂၇ ဦး စုစုပေါင်း ၃၂ ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့မှာ တပ်ဖွဲ့ဝင် ၄၃ ဦး၊ အိမ်ထောင်သည် ၂၉ ဦး၊ လူပျို ၁၁ ဦး၊ အပျိုသုံးဦးတို့ဖြင့် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးတာဝန်များကို ဆောင်ရွက်လျက်ရှိပါတယ်။

လင်းခေးမြို့နယ်မြို့မရဲစခန်းဝင်းအတွင်းမှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့အတွက် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတစ်ရုံး၊ မြို့မရဲစခန်းရုံးအချုပ်ပါအဟောင်းတစ်လုံး၊ အသစ်တစ်လုံး၊ လုံးချင်း နေအိမ်သုံးလုံး၊ နှစ်ခန်းတွဲတစ်လုံး၊ သုံးခန်းတွဲနှစ်လုံး၊ လေးခန်းတွဲတစ်လုံး၊ ခြောက်ခန်းတွဲသုံးလုံး၊ ဓမ္မာရုံတစ်လုံး၊ စုစုပေါင်းအဆောက်အဦ ၁၄ လုံးရှိပြီး နေအိမ်လိုင်းခန်း ၃၃ ခန်းရှိပါတယ်။ အိမ်ထောင်သည် ၂၉ ဦးမှာ နေအိမ်လိုင်းခန်း ၂၉ ခန်းတွင်လည်းကောင်း၊ အပျိုတစ်ဦးမှာ နေအိမ်လိုင်းခန်း တစ်ခန်းတွင်လည်းကောင်း၊ လူပျို ၁၁ ဦးမှာ နေအိမ်လိုင်းခန်းသုံးခန်းတွင်လည်းကောင်း၊ အပျို နှစ်ဦးမှာ ဒေသခံများဖြစ်၍ ပြင်ပမိဘများအိမ်တွင်လည်းကောင်း နေထိုင်လျက်ရှိပါတယ်။

လင်းခေးမြို့နယ်၊ ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့ နေအိမ်လိုင်းခန်းအဆောက်အအုံမှာ နှစ်ကာလကြာမြင့်၍ ဟောင်းနွမ်းနေပြီး လက်ရှိတပ်ဖွဲ့ဝင်အင်အားနှင့် နေအိမ်လိုင်းခန်းအတွက် လုံလောက်မှုမရှိတဲ့အပြင် ဖွဲ့စည်းပုံအရအင်အားထပ်ဖြည့်လာပါက တပ်ဖွဲ့ဝင်များနေထိုင်ရန်အတွက် ခြောက်ခန်းတွဲ နှစ်ထပ်တစ်လုံး ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ ရုံး၊ ရဲစခန်း၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ တပ်ဖွဲ့နှင့်သင်တန်းကျောင်းများအတွက် ယခင်ဆောက်လုပ်ခဲ့တဲ့ အဆောက်အအုံအချို့မှာ နှစ်ကာလကြာမြင့်ပြီဖြစ်တဲ့အတွက် ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်၍ အစားထိုးဆောက်လုပ်ရန်နှင့် တိုးချဲ့ဖွဲ့စည်းလာတဲ့တပ်ဖွဲ့များအတွက် လိုအပ်တဲ့အဆောက်အဦ အသစ်များဆောက်လုပ်ရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဦးစားပေးအစီအစဉ်အလိုက် ဆောက်လုပ်နိုင်ရေး နှစ်စဉ်ဘဏ္ဍာငွေ တင်ပြတောင်းခံသော်လည်း နိုင်ငံတော်ဘဏ္ဍာငွေ အခြေအနေအရ စိစစ်ခွင့်ပြုခဲ့တဲ့အတွက် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်

အလိုက် သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ပါ၍ လင်းခေးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့တွင် လိုအပ်လျက်ရှိတဲ့ ခြောက်ခန်းတွဲနှစ်ထပ်တစ်လုံး ဆောက်လုပ်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းမူလအသုံးစရိတ်မှာ လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက်မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ဒီရေတောများကို စီမံကိန်းများချမှတ်၍စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ ပေါက်ရောက်ပြီးဒီရေတောများကို စီမံကိန်းများချမှတ်၍ ထိန်းသိမ်းကာကွယ်ခြင်းဖြင့်လည်းကောင်း သဘာဝဘေးအန္တရာယ်များ ကာကွယ်ရေးနှင့်ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများနှင့် လိုက်လျောညီထွေဖြစ်စေရေးဆောင်ရွက် ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးအေးနိုင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော် သို့ တင်သွင်းမည့်အဆိုမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်တွင် ဒီရေတောများကို စီမံကိန်းများချမှတ်၍ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ ပေါက်ရောက်ပြီးဒီရေတောများကို စီမံကိန်းများချမှတ်၍ ထိန်းသိမ်းကာကွယ်ခြင်းဖြင့်လည်းကောင်း သဘာဝဘေးအန္တရာယ်များကာကွယ်ရေးနှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများနှင့် လိုက်လျောညီထွေ ဖြစ်စေရေးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။

Power Point ဖြင့်တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆို တင်သွင်းရခြင်းရည်ရွယ်ချက်ကတော့ ရာသီဥတုပြောင်းလဲမှုလျော့ချရေးဖြစ်စဉ်၊ လုပ်ငန်းစဉ် များတွင် ပါဝင်အထောက်အကူပြုရေး၊ မုန်တိုင်းများ၊ ရေကြီးမှု၊ မြေပြိုမှုများဖြစ်သည့် သဘာဝ ဘေးအန္တရာယ်များမှ ကာကွယ်ပေးနိုင်ရေးနှင့် ဒီရေတောသယံဇာတပြန်လည်ဖြစ်ထွန်းရန်၊ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းနှင့် မြန်မာနိုင်ငံနေရင်းဒေသ ပြန်လည် တည်ထောင်ရေးစီမံကိန်းများကဲ့သို့ ဒီရေတောတည်ထောင်စိုက်ပျိုးရေးနှင့် ဒီရေတောထိန်းသိမ်း ကာကွယ်ရေးစီမံကိန်းရေးဆွဲဆောင်ရွက်ရန်နှင့် အမျိုးသားစီမံကိန်းတွင် ထည့်သွင်းရေးဆွဲရန်၊ သစ်တောဦးစီးဌာနလက်အောက်ရှိ ဒီရေတောဌာနစိတ်အား အင်အားဖြည့်တင်း၍ ဒီရေတော တည်ထောင်စိုက်ပျိုးရေးနှင့် ကမ်းရိုးတမ်းသယံဇာတ ထိန်းသိမ်းကာကွယ်ရေးဌာနအဖြစ် တိုးချဲ့ ဖွဲ့စည်းနိုင်ရန်တို့ဖြစ်ပါတယ်။

ကျိုးကြောင်းဖော်ပြချက်အနေဖြင့် (၁) ဒီရေတောများတည်ရှိမှုကိုတင်ပြရလျှင် ဒီရေတော ဆိုသည်မှာ ကမ်းရိုးတန်းဒေသများရှိ ဒီရေအတက်အကျရှိသော ဧရိယာများတွင်ပေါက်ရောက်သည့်

ဆားအငန်ဓာတ်ကိုခံနိုင်သော သစ်တောဂေဟစနစ်များလို့ အဓိပ္ပါယ်ဖွဲ့ဆိုထားပါတယ်။ World Mangrove Atlas (2010) ဖော်ပြချက်အရ ကမ္ဘာ့ဒီရေတောဧရိယာစုစုပေါင်းမှာဟက်တာ ၁၅.၂၃၆ သန်း ဖြစ်ကြောင်းသိရပြီး အာရှနိုင်ငံများဟာ ဒီရေတောပေါက်ရောက်မှုအများဆုံး ဖြစ်ပါတယ်။ အာရှဒေသအတွင်း ဒီရေတောပေါက်ရောက်မှုအများဆုံးနိုင်ငံငါးနိုင်ငံမှာ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ဖြစ်ပါတယ်။မြန်မာနိုင်ငံဟာ ၂၀၁၀ ခုနှစ်စာရင်းများအရ ဒီရေတောဧရိယာ ဟက်တာ ၅၀၂၉၁၁ ဟက်တာ ဖြစ်ပြီးတော့ ကေ ၁၂၄၂၁၉၀ ကေပေါက်ရောက်လျက်ရှိပြီး အာရှဒေသတွင် တတိယအများဆုံးနှင့် ကမ္ဘာပေါ်တွင် သတ္တမမြောက်အများဆုံး ဒီရေတောပေါက်ရောက်သောနိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံသည် ၂၈၃၂ ကီလိုမီတာ ရှည်လျားသော ကမ်းရိုးတန်းကိုပိုင်ဆိုင်ထားပြီးတော့ ကမ်းရိုးတန်းတစ်လျှောက်ရှိ ရာသီဥတုနှင့် မြေမျက်နှာပြင်သည် ဒီရေတောများရှင်သန်ပေါက်ရောက်နိုင်သော အကောင်းဆုံးအနေအထားတွင် တည်ရှိနေပါတယ်။ ဒါ့အပြင် ဒီရေတောဂေဟစနစ်နှင့် ဆက်စပ်နေတဲ့ သန္တာကျောက်တန်းဂေဟစနစ်၊ ပင်လယ်မြက်ခင်းဂေဟစနစ်တွေလည်း ပေါကြွယ်ဝတဲ့နိုင်ငံ ဖြစ်ပါတယ်။

(၂) ဒီရေတောများ၏ အကျိုးကျေးဇူးများကိုကြည့်လျှင် ဒီရေတောများသည် ကုန်းတွင်းပိုင်းနှင့် ပင်လယ်ဆက်စပ်လျက်ရှိသည့်နေရာဒေများတွင် ပေါက်ရောက်သဖြင့် ကုန်းတွင်းပိုင်းဂေဟစနစ်နှင့် အဏ္ဏဝါဂေဟစနစ်နှစ်မျိုးစလုံး ပါဝင်ဖွဲ့စည်းထားရှိကာ ဇီဝမျိုးစုံမျိုးကွဲပေါများကြွယ်ဝစွာပါဝင်နေပါတယ်။ ဥပမာ– ဒီရေတောများအတွင်း ငါး၊ ပုဇွန်၊ ဂဏန်း၊ ခရု၊ ယောက်သွား၊ လင်းပိုင်ကဲ့သို့ ရေနေသတ္တဝါများ။ လိပ်နဲ့မိချောင်းလို ကုန်းရေနှစ်သွယ်သွားလာနိုင်တဲ့ သတ္တဝါများရှင်သန် ကျက်စားရာဖြစ်နေသကဲ့သို့ ဆင်၊ ကျား၊ ဒရယ်၊ မျောက်၊ တောဝက် စသည့်ကုန်းနေသတ္တဝါများလည်း ရှင်သန်ကျက်စားရာနေရာဒေသဖြစ်ခြင်းကို ဆိုနိုင်ပါတယ်။ ဒါကြောင့်လည်း ထင်း၊ မီးသွေး၊ သစ်၊ တိုင်၊ မျော၊ ဓနိ စသည့် သစ်တောထွက်ပစ္စည်းများ ရသလို ငါး၊ ပုဇွန်၊ ကဏန်း၊

ကနုကမာများကိုပါ ပြည်သူလူထုစားဝတ်နေရေးအတွက် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲလို့ရနေပါတယ်။ လယ်ကန်သင်းနှင့် မြစ်၊ ချောင်းရိုးတစ်လျှောက်တွင် ဒီရေတောများ ထိန်းသိမ်းထားခြင်းဖြင့် လယ်စပါးကွင်းများအတွင်း ဆားငန်ရေဝင်ရောက်မှုကာကွယ်ပေးနိုင်ခြင်း၊ ရေလမ်းကြောင်း၊ မြစ်၊ ချောင်း၊ ကမ်းပါးများအား ထိန်းသိမ်းပေးနိုင်သဖြင့် ကမ်းပါးပြိုတိုက်စားမှု လျော့နည်းခြင်း၊ ရေလမ်းကြောင်းပြောင်းလဲမှု ကာကွယ်ပေးခြင်း စတဲ့အကျိုးတွေလည်းရရှိစေပါတယ်။ ဒီရေတောတွေဟာ ဒေသခံပြည်သူလူထုကို ပြင်းထန်သောမုန်တိုင်းများ၊ ကြီးမားသော ဒီရေလှိုင်းများဒဏ်မှ အကာအကွယ်ပေးနိုင်တဲ့အတွက် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်စဉ်က မိန်းမလှကျွန်းဘေးမဲ့တောအတွင်းတာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ အသက်ဘေးအန္တရာယ်က အားလုံးလွတ်မြောက်ခဲ့ပြီး ဒီရေတောမရှိတော့သော ကြိုးဝိုင်းအတွင်းရှိကျေးရွာများတွင် အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့တာတွေ့ရပါတယ်။ နာဂစ်မုန်တိုင်းလာရာ မိန်းမလှကျွန်း၏အနောက်ခြမ်းမှာ လူ ၁၀၀ မှာ ၆၅ ယောက်အသက်ဆုံးရှုံးခဲ့ရပြီးတော့ အရှေ့ခြမ်းမှာ လူ ၁၀၀ မှာ လေးယောက်သာ အသက်ဆုံးရှုံးခဲ့ပါတယ်။ ဒါကြောင့် ဒီရေတောတွေဟာ မုန်တိုင်းဒဏ်အန္တရာယ်နှင့် ဒီရေလှိုင်းအန္တရာယ်တို့မှ အကာအကွယ်ပေးနိုင်ကြောင်း ဆုံးရှုံးမှုများစွာဖြင့် သက်သေပြသခဲ့ပြီးလည်းဖြစ်တယ်။ ဒါ့အပြင် လတ်တလောသုတေသနတွေ့ရှိချက်များအရ ဒီရေတောတွေကို ပိုပြီးအရေးပါတဲ့အချက်ကတော့ ကာဗွန်သိုလှောင်ထားနိုင်မှုဖြစ်ပါတယ်။ ဒီရေတောတွေဟာ အခြားသောသစ်တောများထက် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များကို အဆပေါင်းများစွာ ပိုစုပ်ယူထားနိုင်ပြီးတော့ ဒီရေတောသစ်ပင်များ၏ မြောက်မြားစွာသော သစ်မြစ်များက ဆွေးမြည့်သွားခြင်းမရှိဘဲ ကာဗွန်သိုလှောင်ကန်ကြီးသဖွယ် ဒီရေတောမြေဆီလွှာအတွင်း ထိန်းသိမ်းထားနိုင်လို့ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်း၊ ပင်လယ်ရေပြင်မြင့်တက်လာခြင်း၊ ကမ္ဘာကြီး ပူနွေးလာခြင်းတို့ကို လျှော့ချစေမည့် မဟာဗျူဟာများမှာ ဒီရေတောထိန်းသိမ်းခြင်းအခန်းကဏ္ဍကို ဦးစားပေးထည့်သွင်းစဉ်းစားလာခဲ့ကြရခြင်းဖြစ်ပါတယ်။

မူကြမ်း

(၃) မြန်မာ့ဒီရေတောများနှင့် လက်ရှိအခြေအနေမှာတော့ ရှည်လျားတဲ့ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားပြီး ဒီရေတောတွေ ရှင်သန်ပေါက်ရောက်နိုင်သည့် အကောင်းဆုံးအနေအထားမှာ ကျွန်တော်တို့နိုင်ငံဟာ ဒီရေတောရှင်သန်ပေါက်ရောက်မှု ကမ္ဘာပေါ်မှာ သတ္တမမြောက်နိုင်ငံဖြစ်ပြီး အာရှတိုက်အနေဖြင့် တတိယအများဆုံး ပေါက်ရောက်တဲ့နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံကမ်းရိုးတန်း ဒေသမှာ တိုင်းဒေသကြီး သုံးခုနှင့် ပြည်နယ် နှစ်ခုတို့တည်ရှိပြီးတော့ လူဦးရေ သန်း ၂၀ ခန့် မှီတင်းနေထိုင်တဲ့အတွက် အဏ္ဏဝါနှင့် ကမ်းရိုးတန်းဒေသများအပြင် သူတို့ကိုမှီခိုတဲ့ တစ်နိုင်ငံလုံးရဲ့ စားနပ်ရိက္ခာနှင့် ရာသီဥတုပြောင်းလဲမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်လာပါတယ်။ သုတေသနစာရင်းများအရ ၁၉၉၃ ခုနှစ်မှာ မြန်မာနိုင်ငံ၏ ဒီရေတောဖုံးလွှမ်းမှု ၅၇၀၀၀၀ ဟက်တာ ရှိပြီးတော့ ဧက ၁၄၀၈၅၀၀ ဧကရှိတယ်။ ၂၀၁၅ ခုနှစ်မှာတော့ ၄၆၂၀၀၀ ဟက်တာ ၁၁၄၃၀၀၀ ဧက ပဲကျန်ရှိတော့ပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အလိုက်ကြည့်လျှင် ရခိုင်ကမ်းရိုးတန်းမှာ ၁၉၈၀ ခုနှစ်စာရင်းအရ ၄၁၅၁၃၇ ဧကနေပြီးတော့ ၂၀၁၅ ခုနှစ်စာရင်းမှာ ၃၁၃၇၉၂ ဧကပဲ ကျန်ရှိပါတော့တယ်။ ဧရာဝတီမြစ်ဝကျွန်းပေါ်မှာတော့ ၁၉၈၀ ခုနှစ်စာရင်းအရ ၆၇၉၅၄၀ ဧကနေပြီးတော့ ၂၀၁၅ ခုနှစ်စာရင်းအရ ၁၉၄၉၂၅ ဧကသာကျန်တဲ့အတွက် ၂၉ ရာခိုင်နှုန်းသာကျန်တော့ပါတယ်။ တနင်္သာရီကမ်းရိုးတန်းမှာတော့ ၆၄၇၄၁၆ ဧကနေပြီးတော့ ၆၃၅၂၆၆ ဧကကျန်တဲ့အတွက် ၉၈ ရာခိုင်နှုန်း ကျန်ရှိနေပါသေးတယ်။ စုစုပေါင်းအားဖြင့် ၆၆ ရာခိုင်နှုန်းသာကျန်ရှိကြောင်း သိရပါတယ်။

ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှာလည်း ဒီရေတောများတည်ရှိပေါက်ရောက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ မုတ္တမပင်လယ်ကွေ့၊ ကွမ်းခြံကုန်း၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွမှာ ကမ်းတက်မြေအဖြစ် ဧက ၂၇၀၀၀ ကျော်ဖြစ်ထွန်းပြီး ဒီရေတောတွေ ပေါက်ရောက် ရှင်သန်နေပါတယ်။ ခုချိန်အထိ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောအဖြစ် ဧရာဝတီတိုင်းဒေသကြီးမှာရှစ်ခု၊ ရခိုင်ပြည်နယ်မှာနှစ်ခု၊ တနင်္သာရီတိုင်းဒေသကြီးမှာ ၁၁ ခု၊ ရန်ကုန်

တိုင်းဒေသကြီးမှာသုံးခု စုစုပေါင်းဧရိယာ၏ ၆၂၈၁၇၂ ဧကဖြင့် ထိန်းသိမ်းကာကွယ်နေတဲ့အတွက် လက်ရှိမြန်မာ့ဒီရေတော ဧရိယာရဲ့ ၅၀ ရာခိုင်နှုန်းကိုသာ ဖွဲ့စည်းထိန်းသိမ်းထားနိုင်သေးတာ တွေ့ရပါတယ်။ ကျန်ရှိဒီရေတော ၅၀ ရာခိုင်နှုန်းအား ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းပြီး အမြန်ဆုံးထိန်းသိမ်းကာကွယ်ဖို့ အရေးတကြီးလိုအပ်နေပြီ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ မြန်မာ့သစ်တောဦးစီးဌာနအောက်ရှိ ဒီရေတောဌာနစိတ်ကို အင်အားဖြည့်တင်းပြီး ဒီရေတောတိုးချဲ့စိုက်ပျိုးရေးနှင့် ကမ်းရိုးတမ်းသယံဇာတ ထိန်းသိမ်းကာကွယ်ရေးဌာနအဖြစ် ဖွဲ့စည်းသင့်ပြီဖြစ်ပါတယ်။ သစ်တောဦးစီးဌာနအနေဖြင့်လည်း ဝန်ကြီးဌာနကို ဖွဲ့စည်းပုံတင်ပြထားခဲ့ဖူးကြောင်း သိရှိရပါသည်။ ထို့အပြင် ကျွန်တော်တို့ ပြည်သူ့အစိုးရခေတ်မှာ စတင်ခဲ့တဲ့ မြန်မာနိုင်ငံသစ်တောများ ပြန်လည်ထူထောင်ရေးစီမံကိန်း(MRRP)ကဲ့သို့လည်းကောင်း၊ နေရင်းဒေသများ ပြန်လည် ထူထောင်ရေးစီမံကိန်း(RNHP)တို့လိုပဲ ဒီရေတောစိုက်ပျိုးရေးနှင့် ထိန်းသိမ်းကာကွယ်ရေးအတွက် စီမံကိန်းများချမှတ်၍ အမျိုးသားစီမံကိန်းတွင် ထည့်သွင်းရေးဆွဲကာ လိုအပ်သည့်ဘဏ္ဍာငွေများကို ပြည်ထောင်စုဘတ်ဂျက်တွင် တင်ပြတောင်းခံဆောင်ရွက်ခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍သော်လည်းကောင်း၊ အကူအညီရယူ၍သော်လည်းကောင်း ဆောင်ရွက်ဖို့လိုအပ်နေပြီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ဒီရေတောများ ပျက်စီးဆုံးရှုံးစေရသည့် အကြောင်းအရင်းများကို ကြည့်မည်ဆိုလျှင် မြန်မာ့ကမ်းရိုးတန်းဒေသမှာ လူဦးရေတိုးပွားလာခြင်းနှင့်အတူ ရေတိုအကျိုးစီးပွားအတွက် သယံဇာတများ မဆင်မခြင်ထုတ်ယူသုံးစွဲခြင်း၊ ဒီရေတောဧရိယာများကို အပြောင်ခုတ်ပြီး စိုက်ပျိုးမြေတိုးချဲ့ခြင်း၊ ဒီရေတောဧရိယာများကိုတာပိတ်ပြီး ပုဇွန်ကန်များထူထောင်ခြင်း၊ အလွန်အကျွံငါးဖမ်းခြင်း၊ ၁၉၉၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း အပူပိုင်းမိုးသစ်တောကြီးများအား ခုတ်ထွင်ရှင်းလင်းပြီး ဆီအုန်းနှင့်ရာဘာစိုက်ခင်းများ စိုက်ပျိုးခြင်း၊ ဒီရေတောများမှ ထင်းနှင့်

မီးသွေးအလွန်အကျွံထုတ်လုပ်ခြင်းတို့ကြောင့်ဖြစ်တာတွေ့ရပါတယ်။ နိုင်ငံတော်အနေဖြင့် မြန်မာ့ကမ်းရိုးတန်းသယံဇာတ ရေရှည်တည်တံ့စေဖို့ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှာ ဖွဲ့စည်းခဲ့ပြီးလည်းဖြစ်ပါတယ်။

သို့ပါ၍ နိုဂုံးချုပ်အနေဖြင့် မြန်မာ့ကမ်းရိုးတန်းရှိ ဒီရေတောများအား ရေတိုအကျိုးကျေးဇူးအတွက် ခုတ်ထွင်ရှင်းလင်း၍ အခြားမြေအသုံးချမှုများအဖြစ် ထုတ်ယူအသုံးပြုခြင်း၊ လယ်မြေတိုးချဲ့ခြင်း၊ ငါး၊ ပုဇွန်ကန်များတူးဖော်ခြင်း၊ ထင်းမီးသွေးအလွန်အကျွံထုတ်ယူခြင်း၊ ကမ်းရိုးတန်းသယံဇာတ အလွန်အကျွံထုတ်ယူသုံးစွဲခြင်းများကိုရပ်တန့်၍ အများပြည်သူ၏ ရေရှည်အကျိုးစီးပွားအလို့ငှာ သားငါးပုဇွန်၊ ကဏန်းများ ပေါများလာစေရန်၊ မုန်တိုင်းအန္တရာယ်များမှ အကာအကွယ်ပေးစေရန်၊ ရာသီဥတုပြောင်းလဲမှုများမှ လျှော့ချပေးနိုင်ရန်နှင့် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများအား ကုစားပေးနိုင်ရန်တို့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှာ ဒီရေတောများကို စီမံကိန်းများချမှတ်၍ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ ပေါက်ရောက်ပြီးဒီရေတောများကို စီမံကိန်းများချမှတ်၍ ထိန်းသိမ်းကာကွယ်ခြင်းဖြင့်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်များကာကွယ်ရေးနှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများနှင့် လိုက်လျောညီထွေဖြစ်စေရေး ဆောင်ရွက်ပေးပါရန်အဆိုအား ပြည်သူ့လွှတ်တော်ကြီးမှ ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် တင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးအေးနိုင် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမန်းညွန့်သိန်း(ပန်းတနော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ဂါရဝတရားထားတော့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊

ပန်းတနော်မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးမန်းညွန့်သိန်း ဖြစ်ပါတယ်။ ခုနက ဦးအေးနိုင်တင်သွင်းသွားတဲ့အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးသွားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ခုန လိုပေါ့။ အဆိုရှင်တင်ပြတဲ့အတိုင်းပဲ။ ကျွန်တော်တို့ရဲ့ရှည်လျားတဲ့ကမ်းရိုးတန်းမှာ ဒီရေတော ပေါက်ရောက်မှုက ကမ္ဘာမှာဆိုရင် တတိယပေါ့။ အဲဒီတော့ ဒီလောက်ရှည်လျားတဲ့ ဒီရေတောတွေဟာ အခုချိန်မှာ အင်မတန်ပဲစိုးရိမ်ရတဲ့အနေအထားပျက်စီးမှုတွေ ဖြစ်လာပါပြီ။ အဲဒီတော့ ကျွန်တော့်ကို Power Point သုံးခွင့်ပြုပေးပါ။

ကျွန်တော်အခုပြောခဲ့တဲ့အတိုင်းပဲ။ ခုနက အဆိုရှင်တင်ပြတဲ့အထဲမှာလည်း ပါပြီးသားဖြစ်ပါတယ်။ ဒီသုတေသနစာရင်းအရဆိုရင် ၁၉၈၀ ခုနှစ်ကနေပြီးတော့ ၂၀၁၅ ခုနှစ်အထိ နှစ်ပေါင်း ၃၀ အတွင်းမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဒီရေတောတွေဟာ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးရယ်၊ ရန်ကုန်တိုင်းဒေသကြီးရယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့မှာ စုစုပေါင်း ဧရိယာသန်းနဲ့ချီပြီးရှိခဲ့ရာကနေပြီးတော့ ဒီနှစ်ပေါင်း ၃၀ အတွင်းမှာ ဧရာဝတီတိုင်းဒေသကြီးမှာဆိုရင် ကေခြောက်သိန်းကျော်ကနေပြီးတော့ ကေတစ်သိန်းသာသာလောက်ပဲရှိပါတော့တယ်။ ပျက်စီးမှု၊ ဆုံးရှုံးမှုအများဆုံးဖြစ်ပါတယ်။ ဒါပေမဲ့ ထူးခြားတာက ဒီမှာ ရခိုင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးမှာတော့ ပျက်စီးမှု၊ ဆုံးရှုံးမှုကအနည်းဆုံးဖြစ်ပါတယ်။ ဒါက သဘာဝရဲ့ အကာအကွယ်ပေးမှုကြောင့် ဖြစ်ပါတယ်။ ဒါဘာဖြစ်လို့လဲဆိုတော့ ဒီနေရာမှာ ရခိုင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးမှာ တောင်တန်းတွေအများအပြားရှိတဲ့အတွက် ဒီရေတောတွေရဲ့ ပျက်စီးမှုကအနည်းဆုံးဖြစ်တာကိုလည်းသိရှိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရှိတဲ့ ရခိုင်ကမ်းရိုးတန်းနှင့် တနင်္သာရီအကြားကို ပျက်စီးမှုနည်းတဲ့အတွက် မပြောတော့ပါဘူး။ အခု ကျွန်တော်တို့နေရတဲ့ ဧရာဝတီတိုင်းဒေသကြီးရဲ့အခြေအနေကို ရှင်းလင်းတင်ပြပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီရေတောတွေဟာ ကုန်းတွင်းပိုင်းဂေဟစနစ်နဲ့ အဏ္ဏဝါဂေဟစနစ်နှစ်မျိုးစလုံးပါဝင်ဖွဲ့စည်းနေတာ ဖြစ်ပါတယ်။ အဲဒီတော့ ဧရာဝတီတိုင်းဒေသကြီးရဲ့ ဒီရေတောတွေကလည်း မြောက်ဖျားကမြစ်ဖျားခံလာတဲ့ ဧရာဝတီတိုင်းဒေသကြီးရယ်၊ ကချင်ပြည်နယ်ကနေပြီးတော့ တောင်ဘက်အစွန်းအထိ ဂေဟဗေဒနိယာမအရဆိုရင် ကျွန်တော်တို့က အင်မတန်ဆက်စပ်ပြီးတော့ အရေးကြီးတဲ့အနေအထားလည်းဖြစ်ပါတယ်။ အခုဂေဟဗေဒစနစ်အရ မြစ်ဝကျွန်းပေါ်ရှိတဲ့ ဒီရေတောတွေမှာ ငါး၊ ပုစွန်၊ ကဏန်း၊ ခရု၊ ယောက်သွား၊ လင်းပိုင်စတဲ့ ရေနေသတ္တဝါတွေရှိသလို ကုန်းရေနှစ်သွယ်ရှိတဲ့ လိပ်တွေ၊ မိကျောင်းတွေလည်းရှိပါတယ်။ နောက်တစ်ခုကတော့ ရေထဲမှာ ရှိတဲ့ ငါး၊ ပုစွန်ပေါ့နော်။ ဂေဟစနစ်မျိုးစုံနဲ့ တိရစ္ဆာန်မျိုးစုံပေါများတဲ့ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးပေါ့လေ။ တောင်ဘက်ခြမ်းရဲ့ ဒီရေတောတွေဟာ လက်ရှိအခြေအနေမှာ တဖြည်းဖြည်းနဲ့ နည်းပါးလာတာကိုတွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဥပမာပြရရင်တော့ ဂျပန်နိုင်ငံမှာဆိုရင် ဒီရေတောမရှိပါက ငါး၊ ပုစွန်တွေပျောက်သွားမယ်လို့ သူတို့ ဆူနာမီနဲ့မုန်တိုင်းဒဏ်တွေကို ခဏခဏခံနေရတဲ့ဂျပန်နိုင်ငံမှာ ဒီရေတောရဲ့အရေးကြီးမှုကို ဂျပန်နိုင်ငံကတော့ အများဆုံးသိတဲ့နိုင်ငံဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ခပ်ငယ်ငယ်ကဆိုရင် ဧရာဝတီတိုင်းဒေသကြီးတောင်ဘက်ခြမ်းဖြစ်တဲ့ ဒီရေတောတွေမှာ ဆင်၊ ကျား၊ ဒရယ်၊ မျောက် အင်မတန်ပဲပေါများခဲ့ပါတယ်။ ဒါပေမဲ့ အခု ဒီရေတောဆုံးရှုံးမှုနှင့်အတူ ဒါတွေလည်းတဖြည်းဖြည်းပျောက်ကွယ်လာပါပြီ။ ရေချို၊ ရေငန်ဖြစ်တဲ့ လူနဲ့အင်မတနယဉ်ပါးတဲ့ လင်းပိုင်များကလည်း အင်မတန်ရှားပါးလာပြီဖြစ်ပါတယ်။ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်ဒေသဟာ ဒီရေတောစနစ်ကိုမှီခိုပြီးတော့ ဂဏန်းထောင်ခြင်း၊ တပိုင်တနိုင်ငါးဖမ်းခြင်း၊ ဘဝင်းပိုက်ဆိုတဲ့ ဒေသခံတွေရဲ့ ဓလေ့ထုံးစံလုပ်စားမှုကလည်းရှိပါတယ်။ အဲဒီလို ဒီရေတောတွေရှိတဲ့အတွက် မြစ်ကြောင်းတစ်လျှောက်မှာလည်း စပါးကွင်းဆားငန်ရေသောက်မှု၊

ဆားငန်ရေဝင်ရောက်မှုကလည်း သက်သာအောင်ကာကွယ်ပေးသလို ကမ်းပါးပြိုတိုက်စားမှုတွေလည်း လျော့နည်းကြောင်းတွေ့ရှိရပါတယ်။ ထို့အပြင် ရေလမ်းကြောင်းပြောင်းလဲမှုကိုပါ အကာအကွယ်ပေးတဲ့ သဘာဝအတားအဆီးလည်းဖြစ်ပါတယ်။

အဲဒီတော့ ဒီနေရာမှာ ကျွန်တော် မိန်းမလှကျွန်းအကြောင်းကို နည်းနည်းပြောချင်ပါတယ်။ ခုနက အဆိုရှင်လည်းတင်ပြပြီးသွားပါပြီ။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းမှာ ထူးထူးခြားခြားပဲ အစိုးရရဲ့ အကာအကွယ်ပေးမှုနဲ့ တချို့ဒီရေတောတွေဟာ အဲဒီမှာရှင်သန်ခဲ့တဲ့အတွက် အဲဒီမှာလူသေဆုံးမှုက တော်တော်လေးကိုနည်းပါးသွားပါတယ်။ ဒါကျွန်တော်တို့ရဲ့အရေးကြီးတဲ့ဥပမာတစ်ခုဖြစ်ပါတယ်။ အခုလွန်ခဲ့သောနှစ်ပေါင်း ၂၅ နှစ်နဲ့စာရင် ကျွန်တော်တို့ရဲ့ ၂၀ ရာခိုင်နှုန်းလောက်ရှိတဲ့ ဧရာဝတီတိုင်းဒေသကြီးရဲ့ဒီရေတောတွေကို ဒေသခံပြည်သူတွေရဲ့အသက်အိုးအိမ်စည်းစိမ်ကိုအကာအကွယ်ပေးဖို့ရာ ဆက်လက်ထိန်းသိမ်းဖို့လိုအပ်ပါတယ်။ ဒီရေတောများပြန်လည်ထူထောင်ပေးရန်နှင့် ရပ်ရွာအနီးချောင်း၊ မြောင်း၊ အင်း၊ အိုင်တစ်လျှောက်တို့မှာ လေကာဒီရေတောများတည်ဆောက်ပေးရန်လည်း လိုအပ်ပါတယ်။ သို့မှသာ အနာဂတ်မှာလာမယ့် ပြင်းထန်တဲ့မုန်တိုင်းတွေ၊ ဆူနာမီတွေရဲ့အန္တရာယ်ကျရောက်မှုကို ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရဲ့ သဘာဝအစိမ်းရောင်တံတိုင်းများကို အခုချိန်ကစပြီးတော့ နောင်အနာဂတ်အတွက်ကြိုတင်ပြီးတော့ ကျွန်တော်တို့က ကာကွယ်ပြုစုပျိုးထောင်ရမှာဖြစ်ပါတယ်။ အထက်မှာ တင်ပြခဲ့တဲ့အကြောင်းအရာတွေထဲကပဲ ဒေသခံတွေကိုလည်း ကျွန်တော်တို့က ပညာပေးဖို့လည်းအထူးလိုအပ်ပါတယ်။ ဒေသခံတွေမှာလည်း စားဝတ်နေရေးအပိုင်းကိုအကြောင်းပြပြီးတော့ ဒီရေတောတွေကို မစောင့်ရှောက်နိုင်တာလည်း ပါပါတယ်။ နောက်ဆုံးပြောချင်တာကတော့ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းမှာ အဏုမြူဗုံးကျသလိုပဲ။ ဧရာဝတီတိုင်းဒေသကြီးရဲ့တောင်ဘက်တစ်ခြမ်းလုံးက လူသိန်းနဲ့ချီပြီးတော့

အစုလိုက်အပြုံလိုက်ပြန့်ကျဲပြီးသေခဲ့ရပါတယ်။ ဒါတွေကို အခုနှစ်တစ်ပတ်လည် ၁၀ နှစ်ကျော်တဲ့ အချိန်မှာ ပြန်လည်သတိရဖို့ဖြစ်ပြီးတော့ ဦးအေးနိုင်တင်သွင်းတဲ့အဆိုကို လွှတ်တော်ကြီးက လေးလေးနက်နက်စဉ်းစားဆုံးဖြတ်ဖို့ပြောရင်း ကျွန်တော်ထောက်ခံပါတယ်။ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က ဦးအေးနိုင် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးအေးနိုင် တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှတင်သွင်းသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ဒီရေတောများကို စီမံကိန်းများချမှတ်၍ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ ပေါက်ရောက်ပြီးဒီရေတောများကို စီမံကိန်းများချမှတ်၍ ထိန်းသိမ်းကာကွယ်ခြင်းဖြင့်လည်းကောင်း သဘာဝဘေးအန္တရာယ်များကာကွယ်ရေးနှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများနှင့် လိုက်လျောညီထွေဖြစ်စေရေးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ၂၈-၁၁-၂၀၁၉ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်က အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်မှ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ မြန်မာနိုင်ငံဆေးပညာရပ်များ ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၄-၁၁-၂၀၁၉ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က) အရ လွှတ်တော်သို့အသိပေးပြီး ပြင်ဆင်ချက်မိတ္တူကို ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များ ကို တိကျစွာရေးသားဖော်ပြ၍ ၆-၁၁-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့

ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ မြန်မာနိုင်ငံဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသား လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန် အစည်းအဝေးမှာ လွှတ်တော်သို့အသိပေးပြီးတော့ ပြင်ဆင်ချက်များအပေါ် ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များကိုလည်းပဲ ၆-၁၁-၂၀၁၉ ရက်နေ့(ဗုဒ္ဓဟူးနေ့)မှာ နောက်ဆုံးထားပြီးတော့ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်းပဲ ပြင်ဆင်ချက်အဆို တင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါဘူးခင်ဗျာ။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ၇-၁၁-၂၀၁၉ ရက်(ကြာသပတေးနေ့) ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးပွဲများကို ကျင်းပပြုလုပ်ခဲ့ကြပါတယ်။ အဲဒီညှိနှိုင်းအစည်းအဝေးပွဲများရဲ့ သဘောတူညီချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့တဲ့ အပိုဒ် ၃ ပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၆ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်နှင့် အပိုဒ် ၈ အပိုဒ်ခွဲငယ်(က) အပိုဒ် ၉ တို့ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအတိုင်း သဘောတူလက်ခံခဲ့ပါတယ်။ သို့ဖြစ်ပါသောကြောင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ကျွန်တော်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ အားလုံးကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်တို့အနေနဲ့ ဥပဒေကြမ်းကို သုံးခေါက်လောက်ဖတ်ပါတယ်။ ဖတ်တဲ့အခါမှာလည်း ကျွန်တော် တွေ့တာက အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့သည့် အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၆ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ် ၂ အပိုဒ် ၈ အပိုဒ်ခွဲ(က) အပိုဒ် ၉ တို့ကို ကျွန်တော်တို့အနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း သဘောတူပြီးဖြစ်သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ဒါကို သဘောတူကြောင်း ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် မြန်မာနိုင်ငံဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူအတည်ပြုကြောင်းနှင့် ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က

မူကြမ်း

အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၄ နည်းဥပဒေခွဲ (က)၊ (ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက နှစ်ပတ်လည်အစီရင်ခံစာ တင်ပြဖို့ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာသန်းဝင်း(အတွင်းရေးမှူး၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ ခင်ဗျာ။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအတွင်းရေးမှူး မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားတဲ့ ကော်မတီရဲ့ နှစ်ပတ်လည်အစီရင်ခံစာကို အကျဉ်းချုပ်ဖတ်ကြား အစီရင်ခံသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ဆောင်ရွက်ချက်များအနေနဲ့ ဥပဒေများစိစစ်ဆောင်ရွက်ခြင်းမှ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဟာ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့က စီမံခန့်ခွဲသောဥပဒေများ စိစစ်လေ့လာရပါတယ်။ ကော်မတီသက်တမ်း တတိယတစ်နှစ်တာကာလအတွင်း ညှိနှိုင်းဆွေးနွေးစိစစ်ဆောင်ရွက်ခဲ့တဲ့ ဥပဒေမူကြမ်းများကတော့ (၁) အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းများ ဆိုင်ရာခေတ်ခွဲခန်းဥပဒေ(မူကြမ်း)၊ (၂) အစားအသောက်ဥပဒေ(မူကြမ်း)၊ စိတ်ကျန်းမာရေး

စောင့်ရှောက်မှုဥပဒေ(မူကြမ်း)၊ (၄) အလှကုန်ပစ္စည်းဥပဒေ(မူကြမ်း)၊ (၅) ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာဥပဒေ(မူကြမ်း)၊ (၆) မြန်မာနိုင်ငံပြတိုက်များဥပဒေ(မူကြမ်း)၊ (၇) မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေ(မူကြမ်း)၊ (၈) စက်ပစ္စည်းကိရိယာ ဥပဒေ(မူကြမ်း)တို့ပဲဖြစ်ပါတယ်။

ဥပဒေကြမ်းအစည်းအဝေးများ တက်ရောက်ခြင်းမှာ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုး တိုးတက်ရေးကော်မတီဝင်များအနေနဲ့ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌတို့ရဲ့ဖိတ်ကြားချက်အရ ကော်မတီနှင့်သက်ဆိုင်တဲ့ ဥပဒေကြမ်းညှိနှိုင်းအစည်းအဝေးများကို တက်ရောက်ဆွေးနွေးမှုများပြုလုပ်ခဲ့ပါတယ်။ တက်ရောက် ဆွေးနွေးမှုအသေးစိတ်ကိုလည်း ဖော်ပြထားပါတယ်။ တင်ပြစာနှင့် တိုင်ကြားစာများ စိစစ်ဆောင်ရွက် ခြင်းအနေနဲ့ ၂၂-၂-၂၀၁၈ ရက်နေ့မှ ၂၁-၂-၂၀၁၉ ရက်နေ့အထိ ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုး တိုးတက်ရေးကော်မတီသို့ လိပ်မူပေးပို့သော တင်ပြစာစုစုပေါင်း ၂၀ စောင်နှင့် တိုင်ကြားစာစုစုပေါင်း ငါးစောင်ရရှိခဲ့ပါတယ်။ ပြည်တွင်း/နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်ခံတွေ့ဆုံခြင်းမှာ ကျန်းမာရေး နှင့် အားကစားဖွံ့ဖြိုး တိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ၂၂-၂- ၂၀၁၈ ရက်နေ့မှ ၂၁-၂-၂၀၁၉ ရက်နေ့အထိ WHO Convention Secretariat မှဦးဆောင်သည့် Need Assessment Mission အဖွဲ့ Westminster Foundation for Democracy၊ မဟာမိတ်မြန်မာ (Alliance Myanmar)၊ Save the Children International၊ Myanmar Esports Federation အဖွဲ့၊ ဂျာမနီနိုင်ငံမှ ပထမအတွင်းဝန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနခေါင်းဆောင် Mr. Oliver Hoos တို့နှင့် လက်ခံတွေ့ဆုံခဲ့ပါတယ်။ ပြည်တွင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စုစုပေါင်း (၁၂)ကြိမ်လက်ခံတွေ့ဆုံခဲ့ပါတယ်။

ပြည်တွင်းဆွေးနွေးပွဲများနှင့် အခမ်းအနားများ တက်ရောက်ခြင်းအနေနဲ့ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များဟာ ၂၂-၂-၂၀၁၈ ရက်နေ့မှ ၂၁-၂-၂၀၁၉ ရက်နေ့အထိ ပြည်တွင်း၌ကျင်းပပြုလုပ်သောအလုပ်ရုံဆွေးနွေးပွဲများ၊ အခမ်းအနားများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏လမ်းညွှန်မှုဖြင့် တက်ရောက်ခဲ့ကြပါတယ်။ ပြည်တွင်းဆွေးနွေးပွဲများနှင့် အခမ်းအနားများစုစုပေါင်း ၇၆ ကြိမ်တက်ရောက်ခဲ့ပါတယ်။ ပြည်ပ ဆွေးနွေးပွဲများနှင့် အစည်းအဝေးများတက်ရောက်ခြင်းမှာ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုး တိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် စင်္ကာပူနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံများမှာ ကျင်းပပြုလုပ်တဲ့ဆွေးနွေးပွဲများနှင့် အစည်းအဝေး များသို့ စုစုပေါင်း ခုနစ်ကြိမ်တက်ရောက်ခဲ့ကြပါတယ်။ ကော်မတီကကျင်းပပြုလုပ်ခဲ့တဲ့ဆွေးနွေးပွဲ များမှာ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံ မကူးစက်နိုင်သောရောဂါများ(Non Communiable Diseases) ကာကွယ်နှိမ်နင်းရေးအတွက် မူဝါဒ၊ လုပ်ငန်းများနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကို ၁၄-၈-၂၀၁၈ ရက်နေ့တွင် နေပြည်တော်(မင်္ဂလာသီရိဟိုတယ်)၌လည်းကောင်း၊ ၁၁-၉-၂၀၁၈ ရက်နေ့တွင် လွှတ်တော်ဝင်း(သဘင်ဆောင်)၌လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် များဖိတ်ကြား၍ ကျင်းပပြုလုပ်ခဲ့ပါတယ်။ လွှတ်တော်သို့ တင်သွင်းမေးမြန်းခဲ့သည့်အဆိုနှင့်မေးခွန်း များအနေနဲ့ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များသည် ကျန်းမာရေးနှင့် အားကစားဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ နိုင်ငံတော်နှင့် မိမိမဲဆန္ဒနယ် မြေဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍သော်လည်းကောင်း လွှတ်တော်သို့ မေးခွန်းများမေးမြန်းခြင်း နှင့် အဆိုတင်သွင်းခြင်းများပြုလုပ်ခဲ့ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယတစ်နှစ် တာကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း ၃၆ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၉၈ ခုမေးမြန်းခဲ့ပြီး အဆို ငါးခု တင်သွင်းခဲ့ကြပါတယ်။

မှူကြမ်း

နိဂုံးအနေနဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် သုံးနှစ်ကာလသက်တမ်းအတွင်း ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများနှင့် အားကစားဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ တိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများကို လေ့လာသုံးသပ်ပြီး ပြင်ဆင်ရန်နှင့် အသစ်ပြဋ္ဌာန်းရန်ကိစ္စရပ်များကို ပြည်သူ့လွှတ်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။ ကော်မတီ၏သက်တမ်းနှစ်နှစ်အတွင်း ဆောင်ရွက်ချက်အတွေ့အကြုံများမှ အားသာချက်၊ အားနည်းချက်များကို သင်ခန်းစာယူ၍ ကော်မတီ၏တတိယနှစ်သက်တမ်းတွင် ကော်မတီလုပ်ငန်းတာဝန်များကို ပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါသည်။ အထူးသဖြင့် လက်ရှိဖြစ်ပွားမှုများပြားလာသော မကူးစက်တတ်သည့်ရောဂါများ ကာကွယ်နှိမ်နင်းကုသရေးကိစ္စရပ်များကို တွန်းအားပေးဆောင်ရွက်ခဲ့ပါသည်။ မကူးစက်တတ်သော ရောဂါများကာကွယ်နှိမ်နင်းရေး ဟောပြောပို့ချဖို့ နှစ်ကြိမ်ဆောင်ရွက်ခဲ့ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ပါဝင်သော ဘာသာရပ်ဆိုင်ရာပညာရှင်များမှ လွှတ်တော်ကိုယ်စားလှယ်များအား ဆွေးနွေးတင်ပြခဲ့ကြပါသည်။ ကော်မတီ၏လာမည့် စတုတ္ထနှစ်သက်တမ်းတွင်ကော်မတီကို စတင်ဖွဲ့စည်းစဉ်ကချမှတ်ခဲ့သော ရည်ရွယ်ချက်များနှင့်အညီလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များနှင့် အခြားသောကော်မတီတာဝန်များကိုလည်းကောင်း၊ ကော်မတီဝင်များအားလုံးနှင့်ကော်မတီရုံးဝန်ထမ်းများ စည်းလုံးညီညွတ်တက်ကြွစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် တတိယအကြိမ် နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာအား သိရှိလမ်းညွှန်မှုပြုလုပ်ပေးနိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မှူကြမ်း

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်]

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်**

**ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

**တတိယအကြိမ် နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ**

**(၂၂-၂-၂၀၁၈ ရက်နေ့မှ ၂၁-၂-၂၀၁၉ ရက်နေ့အထိ)**

**နိဒါန်း**

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် ကော်မတီစတင်ဖွဲ့စည်းသည့် ၂၂-၂-၂၀၁၆ ရက်နေ့မှ ၂၁-၂-၂၀၁၉ ရက်နေ့အထိ ကော်မတီ သက်တမ်းသုံးနှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်ပါသည်။

ကော်မတီ စတင်ဖွဲ့စည်းခဲ့သည့် ၂၂-၂-၂၀၁၆ ရက်နေ့မှ ၂၁-၂-၂၀၁၇ ရက်နေ့အထိ ကော်မတီ၏ နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ကျင်းပသည့် ၁၅-၆-၂၀၁၇ ရက်နေ့တွင် လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းခဲ့ပြီး (၂၂)ရက်မြောက်နေ့ကျင်းပသည့် ၂၇-၆-၂၀၁၇ ရက်နေ့ တွင် လွှတ်တော်က အတည်ပြုခဲ့ပါသည်။

ကော်မတီသက်တမ်း တစ်နှစ်ပြည့်မြောက်သည့် ၂၂-၂-၂၀၁၇ ရက်နေ့မှ ၂၁-၂-၂၀၁၈ ရက်နေ့ အထိ ဒုတိယ တစ်နှစ်တာကာလအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ဒုတိယအကြိမ် နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာဖြင့် ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကျင်းပသည့် ၇-၉-၂၀၁၈ ရက်နေ့တွင်

လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းခဲ့ပြီး (၁၈)ရက်မြောက်နေ့ကျင်းပသည့် ၁၇-၉-၂၀၁၈ ရက်နေ့ တွင် လွှတ်တော်က အတည်ပြုခဲ့ပါသည်။

ထို့အတူ ၂၂-၂-၂၀၁၈ ရက်နေ့မှ ၂၁-၂-၂၀၁၉ ရက်နေ့အထိ တတိယ တစ်နှစ်တာကာလ အတွင်း ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကိုသိရှိနိုင်ပါရန် တတိယအကြိမ် နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာဖြင့် တင်ပြအပ်ပါသည်။

**ရည်ရွယ်ချက်**

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ တတိယတစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သိရှိနိုင်ပါရန်နှင့် လိုအပ်သည်များ လမ်းညွှန်မှုပြုနိုင်ပါရန်။

**ဖွဲ့စည်းခြင်း**

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တွင်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ၂၂-၂-၂၀၁၆ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၂၆/၂၀၁၆)ဖြင့် ကျန်းမာရေး နှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးဖြင့် စတင်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။

**ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခြင်း**

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ တွင် ကော်မတီဝင်များအား အောက်ပါအတိုင်း ပြင်ဆင်ပြောင်းလဲ၍ ဖွဲ့စည်းခဲ့ပါသည်-

(က) ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမမြောက်နေ့ ကျင်းပသည့် ၂၈-၁၁-၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၁၈/၂၀၁၆ ဖြင့်-

(၁) ကော်မတီ အတွင်းရေးမှူး ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)ကို ပြည်ထောင်စုလွှတ်တော်၊ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် ဒုတိယ ဥက္ကဋ္ဌအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခဲ့ပြီး **ကော်မတီ အဖွဲ့ဝင် ဒေါက်တာသန်းဝင်း (မြောက်ဥက္ကလာပမဲဆန္ဒနယ်)ကို အတွင်းရေးမှူး**အဖြစ်တာဝန်ပေးအပ်ခဲ့ပါသည်။

(၂) **ဒေါက်တာအေဇင်လတ် (ရွှေဘိုမဲဆန္ဒနယ်)**အား ကော်မတီ အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

(ခ) ၁၆-၂-၂၀၁၇ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇ ဖြင့် **ကော်မတီအဖွဲ့ဝင် (၂)ဦး** ထပ်မံထည့်သွင်းဖွဲ့စည်းခဲ့ပါသည်-

(၁) ဒေါ်စန်းစန်းအိ မိုးညှင်းမဲနဒ္ဓနယ်

(၂) ဦးမြင့်လွင် တွံတေးမဲဆန္ဒနယ်

(ဂ) ၂၈-၂-၂၀၁၇ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၇ ဖြင့် ကော်မတီအဖွဲ့ဝင် ဒေါ်စန်းစန်းအိ (မိုးညှင်းမဲဆန္ဒနယ်)ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီသို့ ပြောင်းရွှေ့တာဝန်ပေးအပ်ခဲ့ပြီး **ဒေါ်အေးအေးမူ (ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)ကို ကော်မတီအဖွဲ့ဝင်**အဖြစ် ပြောင်းလဲတာဝန် ပေးအပ်ခဲ့ပါသည်။

(ဃ) ၁၁-၆-၂၀၁၈ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၅၆/၂၀၁၈ ဖြင့် **ကော်မတီအဖွဲ့ဝင်** **(၁)ဦး** ထပ်မံထည့်သွင်း တာဝန်ပေးအပ်ခဲ့ပါသည်-

(၁) ဒေါက်တာဒေါ်ခင်စည်သူ လှိုင်ကော်မဲဆန္ဒနယ်

၅။ **ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ အမည်စာရင်း** -

| **စဉ်** | **အမည်** | **မဲဆန္ဒနယ်** | **တာဝန်** |
|---|---|---|---|
| ၁ | ဒေါက်တာစံရွှေဝင်း | ရေကြည် | ဥက္ကဋ္ဌ |
| ၂ | ဒေါက်တာဒေါ်ခင်စိုးစိုးကြည် | ပြည် | အဖွဲ့ဝင် |
| ၃ | ဒေါက်တာဒေါ်သန်းငွေ | တောင်ကြီး | အဖွဲ့ဝင် |
| ၄ | ဒေါက်တာဦးခင်ဆောင် | ကျိုက်ထို | အဖွဲ့ဝင် |
| ၅ | ဒေါက်တာဒေါ်ခင်ညို | ဒေးဒရဲ | အဖွဲ့ဝင် |
| ၆ | **ဒေါက်တာအေဇင်လတ်** | **ရွှေဘို** | အဖွဲ့ဝင် |
| ၇ | ဦးမြင့်ဦး | သနပ်ပင် | အဖွဲ့ဝင် |
| ၈ | ဒေါက်တာဦးစိန်မြအေး | ဒလ | အဖွဲ့ဝင် |
| ၉ | ဒေါ်ဖြူဖြူသင်း | မင်္ဂလာတောင်ညွန့် | အဖွဲ့ဝင် |
| ၁၀ | ဦးစိုးပိုင်ငွေး | မြိတ် | အဖွဲ့ဝင် |
| ၁၁ | ဦးစိုင်းဆမ် | မိုင်းယန်း | အဖွဲ့ဝင် |
| ၁၂ | ဦးအာမိုးဆီ | ခေါင်လန်ဖူး | အဖွဲ့ဝင် |
| ၁၃ | ဦးအောင်သောင်းရွှေ | ဘူးသီးတောင် | အဖွဲ့ဝင် |
| ၁၄ | ဗိုလ်မှူးကြီးမြင့်ဟန် | တပ်မတော်သား | အဖွဲ့ဝင် |
| ၁၅ | **ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး** | **ကလေး** | အဖွဲ့ဝင် |
| ၁၆ | **ဦးမြင့်လွင်** | **တွံတေး** | အဖွဲ့ဝင် |
| ၁၇ | **ဒေါက်တာဒေါ်ခင်စည်သူ** | **လှိုင်ကော်** | အဖွဲ့ဝင် |
| ၁၈ | ဒေါက်တာဦးသန်းဝင်း | မြောက်ဥက္ကလာပ | အတွင်းရေးမှူး |

၆။ ၁၆-၂-၂၀၁၇ ရက်နေ့ အမိန့်အမှတ် ၁/၂၀၁၇ ဖြင့် ကော်မတီတွင် **လေ့လာသူများ**အဖြစ် အောက်ဖော်ပြပါ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို တာဝန်ပေးအပ်ခဲ့ပါသည်-

(က) ကြည်း ၂၂၄၆၂ ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းဦး

(ခ) ကြည်း ၂၉၀၄၀ ဒုတိယဗိုလ်မှူးကြီး စိုင်းအိုက်လှ

**ကော်မတီသက်တမ်း**

၇။ ၂၂-၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၆ ဖြင့်ဖွဲ့စည်းခဲ့သည့် ကော်မတီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍တစ်နှစ်ဖြစ်သည်။

၁၅-၂-၂၀၁၇ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၇ ဖြင့်ကော်မတီ၏သက်တမ်းကို ၂၂-၂-၂၀၁၇ ရက်နေ့မှ ၂၁-၂-၂၀၁၈ ရက်နေ့အထိ နောက်ထပ်တစ်နှစ် တိုးမြှင့်သတ်မှတ်ခဲ့သည်။

၂၀-၂-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၈ ဖြင့် ကော်မတီ၏သက်တမ်းကို ၂၂-၂-၂၀၁၈ ရက်နေ့မှ ၂၁-၂-၂၀၁၉ ရက်နေ့အထိ နောက်ထပ် တစ်နှစ်တိုးမြှင့်သတ်မှတ်ခဲ့သည်။

၂၀-၂-၂၀၁၉ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၁၃/၂၀၁၉ဖြင့် ကော်မတီ၏သက်တမ်းကို ၂၂-၂-၂၀၁၉ ရက်နေ့မှ ၂၁-၂-၂၀၂၀ ရက်နေ့အထိ နောက်ထပ်တစ်နှစ် တိုးမြှင့်သတ်မှတ်ခဲ့သည်။

**ဆောင်ရွက်ချက်များ**

၈။ **ဥပဒေများစိစစ်ဆောင်ရွက်ခြင်း။** ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ပြန်ကြားရေးဝန်ကြီးဌာန၊သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့က စီမံခန့်ခွဲသောဥပဒေများကို စိစစ်လေ့လာရပါသည်။ ကော်မတီ

သက်တမ်းတတိယ တစ်နှစ်တာကာလအတွင်း (၂၂-၂-၂၀၁၈ ရက်နေ့မှ ၂၁-၂-၂၀၁၉ ရက်နေ့အထိ) ကော်မတီရေးရာဆောင်(I-13 အပေါ်ထပ်) အစည်းအဝေးခန်းမ၌ ညှိနှိုင်းဆွေးနွေး စိစစ်ဆောင်ရွက်ခဲ့သည့်ဥပဒေ(မူကြမ်း)များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

| **စဉ်** | **ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ်** | **ကျင်းပခဲ့သည့်ရက်စွဲ** | **ဝန်ကြီးဌာန/ အဖွဲ့အစည်း** | **ဆောင်ရွက်မှု အခြေအနေ** |
|---|---|---|---|---|
| ၁။ | အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့်အလှကုန်ပစ္စည်းများ ဆိုင်ရာဓါတ်ခွဲခန်းဥပဒေ(မူကြမ်း) | ၃၀-၅-၂၀၁၈<br>၂၀-၆-၂၀၁၈<br>၄-၉-၂၀၁၈<br>၁၈-၉-၂၀၁၈ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန | ဝန်ကြီးဌာနမှ ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ ပေးပို့ထားသည်။ |
| ၂။ | အစားအသောက်ဥပဒေ (မူကြမ်း) | ၃၀-၅-၂၀၁၈<br>၁၃-၆-၂၀၁၈ | ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊အစားအသောက် နှင့် ဆေးဝါးကွပ်ကဲရေးဦးစီး ဌာန | ဝန်ကြီးဌာနမှ ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ ပေးပို့ထားသည်။ |
| ၃။ | စိတ်ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေ(မူကြမ်း) | ၃၁-၅-၂၀၁၈ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန | ဥပဒေ(မူကြမ်း) ပြုစုဆဲ။ |

| | | | | |
|---|---|---|---|---|
| ၄။ | အလှကုန်ပစ္စည်းဥပဒေ (မူကြမ်း) | ၃၁-၅-၂၀၁၈<br>၂၀-၆-၂၀၁၈<br>၂၁-၈-၂၀၁၈ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ဝန်ကြီးဌာနမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ထားသည်။ |

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ကျင်းပခဲ့သည့် ရက်စွဲ | ဝန်ကြီးဌာန/အဖွဲ့အစည်း | ဆောင်ရွက်မှု အခြေအနေ |
|---|---|---|---|---|
| ၅။ | ကြက်ခြေနီအမှတ်သားအသုံးပြုခြင်းဆိုင်ရာဥပဒေ(မူကြမ်း) | ၅-၆-၂၀၁၈ | မြန်မာနိုင်ငံကြက်ခြေနီအသင်း | ဥပဒေ(မူကြမ်း) ပြုစုဆဲ။ |
| ၆။ | မြန်မာနိုင်ငံပြတိုက်များဥပဒေ(မူကြမ်း) | ၆-၆-၂၀၁၈<br>၈-၈-၂၀၁၈ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်များ | ဝန်ကြီးဌာနမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ထားသည်။ |
| ၇။ | မြန်မာနိုင်ငံဆေးပညာရပ်များဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့်လက်မှတ်များဥပဒေ (မူကြမ်း) | ၇-၆-၂၀၁၈ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | ဥပဒေ(မူကြမ်း) ပြုစုပြီးဖြစ်ပါသည်။ |

| | | | | |
|---|---|---|---|---|
| ၈။ | ဆေးပစ္စည်းကိရိယာဥပဒေ(မူကြမ်း) | ၂၉-၁၁-၂၀၁၈<br>၇-၂-၂၀၁၉ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး | ဥပဒေ(မူကြမ်း)ပြုစုဆဲ။ |

၉။ ပြန်ကြားရေးဝန်ကြီးဌာနက ၂၃-၂-၂၀၁၈ ရက်နေ့နှင့် ၉-၃-၂၀၁၈ ရက်နေ့တို့တွင် ကျင်းပပြုလုပ်သည့် **"ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ(၈/၁၉၉၆)ကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)"** အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင် ဒေါက်တာစိန်မြအေး၊ဦးမြင့်ဦးနှင့် ဒေါ်ဖြူဖြူသင်းတို့ တက်ရောက်ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

၁၀။ **ဥပဒေကြမ်းအစည်းအဝေးများ တက်ရောက်ခြင်း။** ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များသည် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ နှင့် ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌတို့၏ဖိတ်ကြားချက်အရ ကော်မတီနှင့် သက်ဆိုင်သည့် ဥပဒေကြမ်းညှိနှိုင်းအစည်းအဝေးများကိုလည်း တက်ရောက်ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။ တက်ရောက်ခဲ့မှုအသေးစိတ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

| စဉ် | ကျင်းပသည့် ရက်စွဲ/ အချိန် | ကျင်းပသည့် နေရာ | ဥပဒေကြမ်းအမည် | အစည်းအဝေး တက်ရောက်သူ |
|---|---|---|---|---|
| ၁။ | ၂၇-၂-၂၀၁၈<br>(၈:၀၀) | ရေးရာဆောင် I-2 အပေါ်ထပ် | စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း | အတွင်းရေးမှူး Dr.သန်းဝင်းနှင့် အဖွဲ့ဝင် ဦးမြင့်လွင် |

| | | | | |
|---|---|---|---|---|
| ၂။ | ၅-၃-၂၀၁၈ (၁၃း၀၀) | ။ | ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | အဖွဲ့ဝင် ဒေါက်တာစိန်မြအေး၊ ဒေါ်ဖြူဖြူသင်းနှင့် ဦးမြင့်ဦး |
| ၃။ | ၆.၃.၂၀၁၈ (၁၃း၀၀) | ။ | မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ အဖွဲ့ဝင် Dr.ဒေါ်ခင်စိုးစိုးကြည်၊ ဒေါက်တာဒေါ်သန်းငွေ၊ ဒေါက်တာခင်ဆောင်နှင့် ဦးစိုးပိုင်ဌေး |
| ၄။ | ၉-၃-၂၀၁၈ (၁၃း၀၀) | ။ | မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | အဖွဲ့ဝင် ဒေါက်တာခင်ဆောင်နှင့် ဦးစိုးပိုင်ဌေး |

| စဉ် | ကျင်းပသည့် ရက်စွဲ/ အချိန် | ကျင်းပသည့် နေရာ | ဥပဒေကြမ်းအမည် | အစည်းအဝေး တက်ရောက်သူ |
|---|---|---|---|---|
| ၅။ | ၁၄-၃-၂၀၁၈ (၁၃း၀၀) | ။ | ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းငွေ နှင့် Dr.ဒေါ်ခင်စိုးစိုးကြည် |
| ၆။ | ၁၉-၃-၂၀၁၈ (၁၃း၀၀) | ။ | အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်း | အတွင်းရေးမှူး Dr.သန်းဝင်းနှင့် အဖွဲ့ဝင်ဦးမြင့်ဦး |

မှူကြမ်း

| | | | | |
|---|---|---|---|---|
| ၇။ | ၂၁-၃-၂၀၁၈ (၁၃း၀၀) | ။ | ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | အဖွဲ့ဝင် ဒေါက်တာစိန်မြအေး၊ ဒေါ်ဖြူဖြူသင်း၊ ဦးမြင့်ဦးနှင့် ဦးမြင့်လွင် |
| ၈။ | ၈-၅-၂၀၁၈ ၉-၅-၂၀၁၈ | ရေးရာဆောင် I-2 အပေါ်ထပ် | မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်း | ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းနှင့် အဖွဲ့ဝင် ဦးမြင့်ဦး |
| ၉။ | ၁၀-၅-၂၀၁၈ (၁၀း၀၀) | ။ | စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေကြမ်း | ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း |
| ၁၀။ | ၁၃-၅-၂၀၁၈ (၁၀း၀၀) | ။ | မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်း | အဖွဲ့ဝင် Dr.ဒေါ်ခင်စိုးစိုးကြည်၊ ဒေါက်တာဒေါ်ခင်ညိုနှင့် ဒေါက်တာအေဇင်လတ် |
| ၁၁။ | ၂၅-၅-၂၀၁၈ (၁၃း၀၀) | ။ | မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်း | ဥက္ကဋ္ဌဒေါက်တာစံရွှေဝင်း၊ အဖွဲ့ဝင် ဦးစိုးပိုင်ငြေး |

| စဉ် | ကျင်းပသည့် ရက်စွဲ/ အချိန် | ကျင်းပသည့် နေရာ | ဥပဒေကြမ်းအမည် | အစည်းအဝေး တက်ရောက်သူ |
|---|---|---|---|---|
| ၁၂။ | ၃၀-၅-၂၀၁၈ (၁၃း၀၀) | ။ | စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေကြမ်း | အတွင်းရေးမှူး Dr.သန်းဝင်းနှင့် အဖွဲ့ဝင် ဦးမြင့်လွင် |
| ၁၃။ | ၁-၈-၂၀၁၈ (၁၃း၀၀) | ။ | မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်း | အဖွဲ့ဝင် Dr.စိန်မြအေးနှင့် ဒေါက်တာဒေါ်သန်းငွေ |

| | | | | |
|---|---|---|---|---|
| ၁၄။ | ၆-၈-၂၀၁၈<br>၇-၈-၂၀၁၈<br>(၁၀း၀၀) | ။ | စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေကြမ်း | ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း |
| ၁၅။ | ၁၃-၈-၂၀၁၈<br>(၁၄း၀၀) | ပြည်ထောင်စု လွှတ်တော် D ဆောင်၊ ဒုတိယထပ် | လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆေးကောင်စီဥပဒေကြမ်း | ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ အတွင်းရေးမှူး Dr. သန်းဝင်း၊ အဖွဲ့ဝင် ဒေါက်တာစိန်မြအေး၊ ဒေါက်တာဒေါ်သန်းငွေ၊ |
| ၁၆။ | ၁၄-၉-၂၀၁၈<br>(၁၃း၀၀) | ရေးရာဆောင် I-2 အပေါ်ထပ် | မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်း | ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ အဖွဲ့ဝင် ဒေါက်တာစိန်မြအေး၊ ဦးမြင့်ဦး၊ ဦးစိုးပိုင်ဌေးနှင့် ဒေါ်ဖြူဖြူသင်း |
| ၁၇။ | ၁၅-၁-၂၀၁၉<br>(၁၄း၀၀) | ပြည်ထောင်စု လွှတ်တော် D ဆောင်၊ ဒုတိယထပ် | နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်း | အဖွဲ့ဝင် ဦးမြင့်ဦး |

| စဉ် | **ကျင်းပသည့် ရက်စွဲ/ အချိန်** | **ကျင်းပသည့် နေရာ** | **ဥပဒေကြမ်းအမည်** | **အစည်းအဝေး တက်ရောက်သူ** |
|---|---|---|---|---|
| ၁၈။ | ၃၀-၁-၂၀၁၉<br>(၁၃း၀၀) | ရေးရာဆောင် I-2 အပေါ်ထပ် | ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း | အတွင်းရေးမှူး ဒေါက်တာသန်းဝင်း၊ အဖွဲ့ဝင် ဒေါက်တာစိန်မြအေးနှင့် ဦးမြင့်လွင် |

| | | | | |
|---|---|---|---|---|
| ၁၉။ | ၇-၂-၂၀၁၉ (၁၃:၀၀) | ။ | ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း | အဖွဲ့ဝင် ဒေါက်တာစိန်မြအေးနှင့် ဦးမြင့်လွင် |

၁၁။ ကော်မတီသက်တမ်း တတိယ တစ်နှစ်တာကာလအတွင်း(၂၂-၂-၂၀၁၈ ရက်နေ့မှ ၂၁-၂-၂၀၁၉ ရက်နေ့အထိ)ပြဋ္ဌာန်းပြီးသည့်ဥပဒေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဥပဒေ အမှတ်စဉ် | ပြဋ္ဌာန်းပြီး ရက်စွဲ | လွှတ်တော်တင်သွင်း ကော်မတီ/ဝန်ကြီးဌာန |
|---|---|---|---|---|
| ၁။ | မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ပထစ(၁၈/၂၀၁၈) | ၂၁-၆-၂၀၁၈ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| ၂။ | ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ပထစ(၁၉/၂၀၁၈) | ၂၁-၆-၂၀၁၈ | ပြန်ကြားရေးဝန်ကြီးဌာန |
| ၃။ | ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေကိုပြင်ဆင်သည့် ဥပဒေ | ပထစ(၂၁/၂၀၁၈) | ၂၁-၆-၂၀၁၈ | ။ |

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဥပဒေ အမှတ်စဉ် | ပြဋ္ဌာန်းပြီး ရက်စွဲ | လွှတ်တော်တင်သွင်း ကော်မတီ/ဝန်ကြီးဌာန |
|---|---|---|---|---|
| ၄။ | မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ | ပထစ(၂၇/၂၀၁၈) | ၁၇-၉-၂၀၁၈ | ကော်မတီ |

| | | | | |
|---|---|---|---|---|
| | ဆေးကောင်စီ | | | |
| ၅။ | ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေ | ပထစ(၃၄/၂၀၁၈) | ၁၀-၁၂-၂၀၁၈ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| ၆။ | မြန်မာနိုင်ငံတိုင်းရင်းဆေး ကောင်စီဥပဒေ | ပထစ(၁/၂၀၁၉) | ၂၅-၁-၂၀၁၉ | ဦးမြင့်ဦး သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် |

၁၂။ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက လွှတ်တော်သို့ တင်သွင်းခဲ့သည့် **“မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေ”**တို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ခဲ့မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေကို မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆိုင်ရာဆေးကောင်စီ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ပြင်ပဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်အသင်း ဗဟိုအမှုဆောင်များ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အသင်း၊ ဝါရင့်ပြင်ပသွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များ၊ ပြင်ပသွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၊တိုင်းနှင့်ပြည်နယ်သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်အသင်း၊ Dental Health Care Foundation၊ ပရဟိတအဖွဲ့များနှင့် ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၌ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်၍ဆောင်ရွက်ခဲ့ပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ**ကို ကော်မတီအဖွဲ့ဝင် ဦးမြင့်ဦး (သနပ်ပင် မဲဆန္ဒနယ်)က လွှတ်တော်သို့တင်သွင်းခဲ့ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့၊ ဥပဒေကြမ်းကော်မတီနှင့် ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်၍ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှု အပေါ် ပြည်ထောင်စုလွှတ်တော်တွင် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။နိုင်ငံတော်သမ္မတထံ လက်မှတ် ရေးထိုးထုတ်ပြန်နိုင်ရေးတင်ပြချက်အပေါ် နိုင်ငံတော်သမ္မတ သဘောထားမှတ်ချက် ပြန်လည် ပေးပို့ခဲ့ရာ ပြည်ထောင်စုလွှတ်တော်တွင် ပြန်လည်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁/၂၀၁၉)ဖြင့် ၂၅-၁-၂၀၁၉ ရက်နေ့တွင် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ ကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

၁၃။ **အမျိုးသားစီမံကိန်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများအား စိစစ်သုံးသပ်ခြင်း။** ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် (၇)ဦးနှင့် အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဝင် (၇)ဦး စုစုပေါင်း ကိုယ်စားလှယ်(၁၄)ဦးဖြင့် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပေးထားသော စိစစ်ရေးပူးပေါင်းအဖွဲ့(၉)သည် ဘဏ္ဍာနှစ်အလိုက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများကို စိစစ်လေ့လာရပါသည်။

၂၀၁၈-၂၀၁၉ ခု၊ဘဏ္ဍာရေးနှစ်၊နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း များ၌ပါဝင်သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေ များအပေါ် စိစစ်လေ့လာ၍ စိစစ်လျော့ချခြင်းနှင့် အတည်ပြုခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အသုံးစရိတ်ခွဲဝေလျာထားမှုအပေါ် သာမန်အသုံးစရိတ်စုစုပေါင်း(၁.၁၈)ရာခိုင်နှုန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ် စုစုပေါင်း(၂.၅၀) ရာခိုင်နှုန်း စိစစ်လျော့ချ၍ စက်ပစ္စည်းများဝယ်ယူရာတွင် specification နှင့် ခန့်မှန်းဈေးနှုန်းများ လိုက်လျောညီထွေရှိရန်၊ ဌာနခွဲ၊ ဌာနအလိုက် တိကျသည့်အခြေခံစာရင်းများ ကောက်ယူထားရှိပြီးမှ လိုအပ်ချက်များကိုတင်ပြတောင်းခံရန်၊ ဆောက်လုပ်ရေးနှင့်စပ်လျဉ်း၍ ပြည်နယ်၊တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့် တာဝန်ရှိသူများမှ မြေပြင်အခြေအနေကို ကွင်းဆင်းလေ့လာကြည့်ရှုညှိနှိုင်း စိစစ်ပြီးမှ ဦးစီးဌာနသို့ တင်ပြဆောင်ရွက်ရန်၊ နေရာဒေသအလိုက် အတည်ပြုပြီးသည့် PAE များကိုအခြေခံပြီး ဌာနတိုင်းက တစ်ပြေးညီတင်ပြဆောင်ရွက်ရန်၊ အရည်အသွေးပြည့်မီရန်အတွက် တိကျသည့်တွက်ချက်မှုများဖြင့်တင်ပြပြီး ကြီးကြပ်ကွပ်ကဲမှုများ ဆောင်ရွက်ပေးရန်နှင့် ဘဏ္ဍာငွေ ခွင့်ပြုချက်များပေးပြီး လုပ်ငန်းဆောင်ရွက်မှု၊ ဘဏ္ဍာငွေသုံးစွဲမှုများ နှစ်လည်ဆန်းစစ်ခြင်း အတွက် Midterm Review ဆောင်ရွက်သွားရန်လိုအပ်ကြောင်း သုံးသပ်အကြံပြုနိုင်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ခု၊ဘဏ္ဍာရေးနှစ်၊ နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းများ၌ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့်ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့(၉) အစည်းအဝေးများကို I-13 အပေါ်ထပ်အစည်းအဝေးခန်းမ၌ အောက်ပါအတိုင်း စုစုပေါင်း (၉)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်-

| စဉ် | ကျင်းပသည့် ရက်စွဲ/အချိန် | အကြောင်းအရာ | စိစစ်သည့် ဌာန |
|---|---|---|---|
| ၁။ | ၂၆-၇-၂၀၁၈ (၈း၀၀) | စီမံကိန်းလုပ်ငန်းများနှင့်ရငွေသုံးငွေများစိစစ်ရေးပူးပေါင်းအဖွဲ့(၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေး | |

မှူကြမ်း

| | | | |
|---|---|---|---|
| ၂။ | ၃၁-၇-၂၀၁၈ (၁၃း၃၀) | ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်၊ နိုင်ငံတော်၏အမျိုးသား စီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာဥပဒေကြမ်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲ ရေး ဥပဒေကြမ်းများ၌ပါဝင်သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများအပေါ် စိစစ်ခြင်း ညှိနှိုင်းအစည်းအဝေး | ဆေးသုတေသနဦးစီးဌာန |
| ၃။ | ၁-၈-၂၀၁၈ ( ၁၃ : ၀၀) | ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်၊ နိုင်ငံတော်၏အမျိုးသား စီမံကိန်းဥပဒေကြမ်း၊ပြည်ထောင်စု၏ဘဏ္ဍာငွေအရ အသုံး ဆိုင်ရာဥပဒေကြမ်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း များ၌ပါဝင်သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများအပေါ် စိစစ်ခြင်း ညှိနှိုင်းအစည်းအဝေး | ဝန်ကြီးရုံး |
| | (၁၃း၀၀) | | ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန |
| | (၁၄း၀၀) | | အားကစားနှင့်ကာယ ပညာဦးစီးဌာန |
| | (၁၅း၀၀) | | ပြည်သူ့ကျန်းမာရေး ဦးစီးဌာန |
| ၄။ | ၂-၈-၂၀၁၈ (၁၃း၀၀) | ။ | တိုင်းရင်းဆေးပညာ ဦးစီးဌာန |
| | (၁၄း၀၀) | | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန |
| | (၁၅း၀၀) | | ကုသရေးဦးစီးဌာန |

၁၄။ **လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခြင်း။** ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များသည် ဥပဒေများနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဘတ်ဂျက်စိစစ်ရေးနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ လွှတ်တော်တွင် တင်သွင်းမေးမြန်းမည့် အဆို/မေးခွန်းများနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ကော်မတီသို့ လိပ်မူပေးပို့လာသော တင်ပြ

စာများ၊တိုင်ကြားစာများနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ၂၂-၂-၂၀၁၈ ရက်နေ့မှ ၂၁-၂-၂၀၁၉ ရက်နေ့အထိ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုးကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

၁၅။ **တင်ပြစာများနှင့် တိုင်ကြားစာများ စိစစ်ဆောင်ရွက်ခြင်း။** ၂၂-၂-၂၀၁၈ ရက်နေ့မှ ၂၁-၂-၂၀၁၉ ရက်နေ့အထိ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့ လိပ်မူပေးပို့သော တင်ပြစာစုစုပေါင်း(၂၀)စောင်နှင့် တိုင်ကြားစာစုစုပေါင်းကိုးစောင်ရရှိခဲ့ပါသည်။

၁၆။ **ပြည်တွင်း/နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်ခံတွေ့ဆုံခြင်း။** ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ၂၂-၂-၂၀၁၈ ရက်နေ့မှ၂၁-၂-၂၀၁၉ ရက်နေ့အထိ WHO Convention Secretariat မှဦးဆောင်သည့် Need Assessment Mission အဖွဲ့၊ Westminster Foundation For Democracy(WFD)၊ မဟာမိတ်မြန်မာ (Alliance Myanmar)၊ Save the Children International၊ Myanmar Esports Federation အဖွဲ့၊ ဂျာမနီနိုင်ငံမှ ပထမအတွင်းဝန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာနခေါင်းဆောင် Mr. Oliver Hoos တို့နှင့် လက်ခံတွေ့ဆုံခဲ့ပါသည်။ ပြည်တွင်း/ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စုစုပေါင်း (၁၂)ကြိမ် လက်ခံတွေ့ဆုံခဲ့ပါသည်။

၁၇။ **ပြည်တွင်း ဆွေးနွေးပွဲများနှင့် အခမ်းအနားများ တက်ရောက်ခြင်း။** ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ၂၂-၂-၂၀၁၈ ရက်နေ့မှ ၂၁-၂-၂၀၁၉ ရက်နေ့အထိ ပြည်တွင်း၌ကျင်းပပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲများ၊ အခမ်းအနားများကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် တက်ရောက်ခဲ့ကြပါသည်။ ပြည်တွင်း ဆွေးနွေးပွဲများနှင့် အခမ်းအနားများ စုစုပေါင်း (၇၆)ကြိမ် တက်ရောက်ခဲ့ပါသည်။

၁၈။ **ပြည်ပဆွေးနွေးပွဲများနှင့် အစည်းအဝေးများ တက်ရောက်ခြင်း။** ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ၂၂-၂-၂၀၁၈

မူကြမ်း

ရက်နေ့မှ ၂၁-၂-၂၀၁၉ ရက်နေ့အထိ စင်ကာပူနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်နိုင်ငံများ၌ ကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲများနှင့် အစည်းအဝေးများသို့ စုစုပေါင်း (၇)ကြိမ် တက်ရောက်ခဲ့ကြပါသည်။

၁၉။ **ကော်မတီက ကျင်းပပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲများ။** ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံ မကူးစက်နိုင်သောရောဂါများ(Non Communicable Diseases)ကာကွယ်နှိမ်နင်းရေးအတွက် မူဝါဒ၊လုပ်ငန်းများနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကို ၁၄-၈-၂၀၁၈ ရက်နေ့တွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌လည်းကောင်း၊ ၁၁-၉-၂၀၁၈ ရက်နေ့တွင် လွှတ်တော်ဝင်း၊သဘင်ဆောင်၌လည်းကောင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြား၍ကျင်းပပြုလုပ်ခဲ့ပါသည်။

၂၀။ **လွှတ်တော်သို့ တင်သွင်း မေးမြန်းခဲ့သည့် အဆိုနှင့်မေးခွန်းများ။** ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များသည် ကျန်းမာရေးနှင့် အားကစားဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ နိုင်ငံတော်နှင့် မိမိမဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍သော်လည်းကောင်း လွှတ်တော်သို့ မေးခွန်းများ မေးမြန်းခြင်းနှင့် အဆိုတင်သွင်းခြင်းများပြုလုပ်ခဲ့ပါသည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ၂၂-၂-၂၀၁၈ ရက်နေ့မှ ၂၁-၂-၂၀၁၉ ရက်နေ့အထိ တတိယတစ်နှစ်တာကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း(၃၆)ခု၊ကြယ်ပွင့်မပြမေးခွန်း(၉၈)ခုမေးမြန်းခဲ့ပြီး အဆို (၅)ခု တင်သွင်းခဲ့ကြပါသည်။

**နိဂုံး**

၂၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည်(၃)နှစ်ကာလသက်တမ်းအတွင်း ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများနှင့်အားကစားဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ တိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

မူကြမ်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများကို လေ့လာသုံးသပ်ပြီး ပြင်ဆင်ရန်နှင့် အသစ်ပြဋ္ဌာန်းရန်ကိစ္စရပ်များကို ပြည်သူ့လွှတ်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။

ကော်မတီ၏သက်တမ်း(၂)နှစ်အတွင်း ဆောင်ရွက်ချက်အတွေ့အကြုံများမှ အားသာချက်၊ အားနည်းချက်များကိုသင်ခန်းစာယူ၍ ကော်မတီ၏တတိယနှစ်သက်တမ်းတွင် ကော်မတီလုပ်ငန်းတာဝန်များကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

အထူးသဖြင့် လက်ရှိဖြစ်ပွားမှုများပြားလာသော မကူးစက်တတ်သည့်ရောဂါများ ကာကွယ်နှိမ်နင်းကုသရေးကိစ္စရပ်များကို တွန်းအားပေးဆောင်ရွက်ခဲ့ပါသည်။ မကူးစက်တတ်သော ရောဂါများကာကွယ်နှိမ်နင်းရေး ဟောပြောပို့ချမှုနှစ်ကြိမ်ဆောင်ရွက်ခဲ့ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ပါဝင်သော ဘာသာရပ်ဆိုင်ရာ ပညာရှင်များမှ လွှတ်တော်ကိုယ်စားလှယ်များအား ဆွေးနွေးတင်ပြခဲ့ကြပါသည်။

ကော်မတီ၏ လာမည့်စတုတ္ထနှစ်သက်တမ်းတွင် ကော်မတီကို စတင်ဖွဲ့စည်းစဉ်က ချမှတ်ခဲ့သော ရည်ရွယ်ချက်များနှင့်အညီသော်လည်းကောင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များနှင့် အခြားသောကော်မတီတာဝန်များကိုသော်လည်းကောင်း၊ ကော်မတီဝင်များအားလုံးနှင့် ကော်မတီရုံးဝန်ထမ်းများ စည်းလုံးညီညွတ် တက်ကြွစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တတိယအကြိမ် နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာအား သိရှိလမ်းညွှန်မှုပြုပေးနိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

မှူးကြမ်း

## ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၈–၁၁–၂၀၁၉ ရက် (ကြာသပတေးနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက နှစ်ပတ်လည် အစီရင်ခံစာတင်ပြဖို့ဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းခင်စော(အဖွဲ့ဝင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ဒီနေ့ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကော်မတီရဲ့ သုံးနှစ်မြောက်နှစ်ပတ်လည်အစီရင်ခံစာကို ကော်မတီရဲ့တာဝန်ပေးချက်အရ ကော်မတီဝင် ကျွန်မ ဒေါ်နန်းခင်စော၊ ကွန်ဟိန်းမဲဆန္ဒနယ်က ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

ကော်မတီရဲ့ဆောင်ရွက်ချက်အသေးစိတ်ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အချိန်တိုတိုအတွင်းမှာ စိတ်ဝင်စားဖွယ်ဖြစ်လောက်တဲ့ အကျဉ်းချုပ်ကိုပဲ ဒီနေ့ တင်ပြသွားမှာဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါရှင်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မတို့ ကော်မတီအနေနဲ့ တာဝန်ပေးအပ်ခံရစဉ်က တာဝန်ယူဖို့ ဥပဒေကိုးခုရှိပါတယ်။ ကိုယ်တိုင်လွှဲပြောင်းယူခဲ့တာတွေ နောက်ထပ်အသစ်တိုးပြုစုနေခဲ့တဲ့ ဥပဒေတွေပေါင်းတဲ့အခါ အခုတော့ ၁၂ ခု ရှိပါတယ်။ ဒီထဲက ဇီဝမျိုးကွဲများနှင့် သဘာဝနယ်မြေများ ကာကွယ်စောင့်ရှောက်ရေးဥပဒေပါ။ ဒါကအရင်တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကို ခေတ်နှင့်လျော်ညီအောင် အစီအစဉ်အသစ် ရေးဆွဲအတည်ပြုနိုင်ခဲ့ပါတယ်။ နောက် သစ်တောဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပြီး မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကိုလည်း အတည်ပြုနိုင်ခဲ့တာဟာ ဒီလွှတ်တော်ကြီးရဲ့ ကိုယ်စားလှယ်များရဲ့ သဘောတူညီချက်ကြောင့်ဖြစ်ပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါတယ်။ တစ်ခါကျွန်မတို့ တာဝန်ထဲက လုပ်ငန်းခွင့်သုံး ပေါက်ကွဲစေသောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ၊ ရေနံလက်ယက်တွင်းဥပဒေနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေတို့ကို အသစ်ရေးဆွဲအတည်ပြုရာမှာလည်း အရေးကြီးတဲ့ ပြင်ဆင်ချက်တွေ ထည့်သွင်းပေးနိုင်ခဲ့ပါတယ်။ လောလောဆယ်ဆယ်မှာလည်း ဥပဒေအသစ်ဖြစ်တဲ့ မြန်မာနိုင်ငံဘူမိကောင်စီသိပ္ပံဥပဒေကို တင်သွင်းဆွေးနွေးဆဲဖြစ်ပြီး မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကိုလည်း မကြာခင်တင်သွင်းပြင်ဆင်နေကြပါတယ်။ ကျွန်မတို့ ကော်မတီအနေနဲ့ တတိယသက်တမ်းကာလအတွင်းမှာ တိုင်ကြားစာပေါင်း ၁၀၁ စောင်လက်ခံရရှိပြီး ကော်မတီကို တိုက်ရိုက်လိပ်မူတဲ့ တိုင်ကြားစာအားလုံးကို ဖြေရှင်းဆောင်ရွက်ပြန်ကြားပေးတာ မိတ္တူရရှိတဲ့တိုင်ကြားစာတွေကို သက်ဆိုင်ရာဌာနတွေနှင့် အစည်းအဝေးတွေမှာ စောင့်ကြပ်

စစ်ဆေးတာတွေလုပ်ပေးနိုင်ခဲ့ပါတယ်။ ကော်မတီရဲ့ Facebook Page တွေမှာ လာရောက်တိုင်ကြားတာတွေကိုလည်း ကူညီဖြေရှင်းပေးနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကော်မတီအနေနဲ့ ဥပဒေပြုရေးနှင့် စောင့်ကြည့်ထိန်းညှိရေးလုပ်ငန်းစဉ်တွေဆောင်ရွက်တဲ့အခါ ပိုမိုထိရောက်စေဖို့ လွှတ်တော်သဘောတူညီချက်နဲ့ ခရီးစဉ်တွေလည်း သွားရောက်ခဲ့ပါတယ်။ တစ်နှစ်အတွင်း ရပ်ဝေး၊ ရပ်နီး၊ ရပ်တို၊ ရပ်ရှည် စုစုပေါင်း ခုနစ်ကြိမ်သွားရောက်ခဲ့ရာမှာ ပြုစုရေးဆွဲဥပဒေတွေမှာ ပြည်သူ့အသံ လက်ရှိသဘာဝအခြေအနေတွေကို ထင်ဟပ်နိုင်ခဲ့လို့ အင်မတန်အကျိုးရှိခဲ့ပါတယ်။ နောက်ဆုံးအနေနဲ့ အစီရင်ခံစာတင်ပြီးတဲ့ ဖေဖော်ဝါရီလကနေ ဒီနေ့အထိ ကိုးလအတွင်းမှာ ကော်မတီအနေနဲ့ လုပ်ဆောင်နေတာလေးတွေ ဖြည့်ပြောချင်ပါတယ်။ မြေအောက်ရေဥပဒေကို အသစ်ပြင်ဆင်ရေးဆွဲခဲ့တာ ရက်ပိုင်းအတွင်းပြီးစီးတင်ပြဖို့အဆင်သင့်ဖြစ်နေပြီဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်နိုင်ဖို့ ကြိုးစားနေပါတယ်။ တစ်ချိန်တည်းမှာ ဥပဒေပြုပြီးနောက် လေ့လာဆန်းစစ်ခြင်း၊ PNS အနေနဲ့ ၁၉၉၄ ခုနှစ်က ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၅ မှာအနည်းငယ်ပြင်ဆင်ခဲ့တဲ့ မြန်မာ့သတ္တုတွင်းဥပဒေကို ပြန်လည်ဆန်းစစ်သုံးသပ်လျက်ရှိပါတယ်။ ဒီအတွက် လွှတ်တော်နှင့် WFD အစီအစဉ်နဲ့ လွှန်ခဲ့တဲ့ လွှတ်တော်ပိတ်ရက်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းဒေသမှာ သတ္တုတွင်းတွေကိုတစ်ကြိမ်သွားရောက်လေ့လာလို့ ဒေသခံပြည်သူတွေ၊ လုပ်ငန်းရှင်တွေ၊ သတ္တုတွင်းအလုပ်သမားတွေ၊ ဌာနဆိုင်ရာတွေနှင့် မေးမြန်းဆွေးနွေးခဲ့ပြီး အခုဆိုရင် ရလဒ်တွေကို သုံးသပ်တိုင်ပင်နေကြပါတယ်။ ဆက်လက်ပြီးတော့ လေ့လာဆန်းစစ်ရအုံးမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ အချုပ်အားဖြင့် ကျွန်မတို့ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဟာ လွှတ်တော်ကြီးကပေးအပ်ခဲ့တဲ့ လွှတ်တော်အငယ်စားလေးတစ်ခုရဲ့တာဝန်ကို

ကြိုးစားကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး ရှေ့ဆက်လို့လည်း ထမ်းဆောင်သွားမှာကို ကတိ/ကဝတ် ပြုရင်း လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ အကြံပြုချက်များကိုလည်း ကြိုဆိုလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်။]

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်**

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ**

**နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**

**(၂၂-၂-၂၀၁၈ မှ ၂၁-၂-၂၀၁၉ အထိ)**

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ကို ၂၂-၂-၂၀၁၆ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်ဖြစ်ရာ ၂၁-၂-၂၀၁၉ ရက်တွင် တတိယသက်တမ်း တစ်နှစ်ပြည့်မြောက်ပြီဖြစ်ပါသည်။

၂။ တတိယသက်တမ်း တစ်နှစ်တာကာလအတွင်း ကော်မတီကဆောင်ရွက်ခဲ့သော လုပ်ငန်း ဆောင်တာများကို အစီရင်ခံတင်ပြအပ်ပါသည်။

**ရည်ရွယ်ချက်**

၃။ ကော်မတီ၏ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို သိရှိလမ်းညွှန်မှုပြုနိုင် ပါရန်။

**ဖွဲ့စည်းခြင်း**

၄။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၂၇/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ကော်မတီတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးစိုးသူရထွန်း | ကွမ်းခြံကုန်းမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်မြခွာညိုဦး | ရွှေတောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးနေထက်ဝင်း | ဆင်ပေါင်ဝဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးရည်မွန်(ခ)မောင်တင်သစ် | ပုဗ္ဗသီရိမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် | မိုးကုတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး | ညောင်ရွှေမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးမင်းနောင် | ပင်လည်ဘူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးသက်နောင် | လဟယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးမြတ်လေးဦး | ထီးလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးမန်းညွန့်သိန်း | ပန်းတနော်မဲဆန္ဒနယ် | အဖွဲ့ဝင် |

မူကြမ်း

(ဠ) ဦးဂျီဖုန်ဆားရ် နောင်မွန်းမဲဆန္ဒနယ် အဖွဲ့ဝင်

(ဌ) ဒေါ်နန်းခင်စော ကွန်ဟိန်းမဲဆန္ဒနယ် အဖွဲ့ဝင်

(ဍ) ဦးလာမာလေး ဆော့လော်မဲဆန္ဒနယ် အဖွဲ့ဝင်

(ဎ) ဗိုလ်မှူးချုပ်ဝင်းဆွေ တပ်မတော်သားကိုယ်စားလှယ် အဖွဲ့ဝင်

(ဏ) ဦးအေးနိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်

အတွင်းရေးမှူး

၅။ ၂၀၁၆ ခုနှစ်၊ မတ်လ ၇ ရက်တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၆ ဖြင့် ကော်မတီအဖွဲ့ဝင် ဦးမြတ်လေးဦး၊ ထီးလင်းမဲဆန္ဒနယ်အစား ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ ကလေးမဲဆန္ဒနယ်ဖြင့် အစားထိုးဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၆။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ် ၁၃/၂၀၁၇ ဖြင့် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီကို ပထမအကြိမ် သက်တမ်းတစ်နှစ် တိုးမြှင့်သတ်မှတ်ပေးခဲ့ပါသည်။

၇။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၇ ဖြင့် ကြည်း ၂၄၃၁၁၊ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေနှင့် ကြည်း ၂၈၂၆၃၊ ဒုတိယဗိုလ်မှူးကြီး တိုးလွင် တို့ကို ကော်မတီ၏ လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

၈။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၁၅/၂၀၁၇ ဖြင့် ဦးတိုးသောင်၊ မိုးမိတ်မဲဆန္ဒနယ်နှင့် ဦးကျော်အောင်လွင်၊ စေတုတ္တရာမဲဆန္ဒနယ်တို့ကို ကော်မတီ အဖွဲ့ဝင်အဖြစ် ထပ်မံဖြည့်စွက် တာဝန်ပေးအပ်ခဲ့ပါသည်။

၉။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၁၈/၂၀၁၇ ဖြင့် ကော်မတီအဖွဲ့ဝင် ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ ကလေးမဲဆန္ဒနယ်အစား ဒေါ်စန်းစန်းအိ၊ မိုးညှင်းမဲဆန္ဒနယ်ကို ပြောင်းလဲတာဝန်ပေးအပ်ခဲ့ပါသည်။

၁၀။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၁၂/၂၀၁၈ ဖြင့် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီကို ဒုတိယအကြိမ် သက်တမ်းတစ်နှစ် တိုးမြှင့်သတ်မှတ်ပေးခဲ့ပါသည်။

၁၁။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၆၄/၂၀၁၈ ဖြင့် ၁၅-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားသည့် ကော်မတီအဖွဲ့ဝင် ဒေါ်စန်းစန်းအိ၊ မိုးညှင်းမဲဆန္ဒနယ်၏ အစား ဦးကျော်ဆွေဝင်း(ခ) ဦးအာလူး၊ ကော့မှူးမဲဆန္ဒနယ်ကို ကော်မတီအဖွဲ့ဝင်အဖြစ် ဖြည့်စွက်တာဝန်ပေးအပ်ခဲ့ပါသည်။

၁၂။ သို့ဖြစ်ပါ၍ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ကော်မတီဝင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးစိုးသူရထွန်း | ကွမ်းခြံကုန်းမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်မြခွာညိုဦး | ရွှေတောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးနေထက်ဝင်း | ဆင်ပေါင်ဝဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးရည်မွန်(ခ)မောင်တင်သစ် | ပုဗ္ဗသီရိမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် | မိုးကုတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး | ညောင်ရွှေမဲဆန္ဒနယ် | အဖွဲ့ဝင် |

မူကြမ်း

| | | | |
|---|---|---|---|
| (ဆ) | ဦးမင်းနောင် | ပင်လည်ဘူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးသက်နောင် | လဟယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးမန်းညွန့်သိန်း | ပန်းတနော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးဂျီဖုန်ဆားရ် | နောင်မွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဒေါ်နန်းခင်စော | ကွန်ဟိန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးလာမာလေး | ဆော့လော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးချုပ်ဝင်းဆွေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဦးတိုးသောင် | မိုးမိတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဦးကျော်အောင်လွင် | စေတုတ္တရာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (တ) | ဦးကျော်ဆွေဝင်း(ခ)ဦးအာလူး | ကော့မှူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ထ) | ဦးအေးနိုင် | ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် | အတွင်းရေးမှူး |
| (ဒ) | ဒုတိယဗိုလ်မှူးကြီး မြင့်ဆွေ | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ |
| (ဓ) | ဒုတိယဗိုလ်မှူးကြီး တိုးလွင် | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ |

**တာဝန်ယူဆောင်ရွက်ရမည့်ဥပဒေများ**

၁၃။ ပြည်သူ့လွှတ်တော်ရုံးသည် ၇-၃-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၀၅/ပသ(ကမတ)/ ၂၀၁၆-၀၄ ဖြင့် ကော်မတီကတာဝန်ယူဆောင်ရွက်ရမည့်ဥပဒေများကို အောက်ပါအတိုင်း သတ်မှတ်ပေးခဲ့ပါသည်-

(က) The Explosives Act (India Act4.1884, Vol.V)

(ခ) The Explosives Substances Act (India Act6, 1908, Vol.II)

မူကြမ်း

(ဂ) ဆားလုပ်ငန်းဥပဒေ(နဝတဥပဒေအမှတ် ၆/၁၉၉၂)

(ဃ) သစ်တောဥပဒေ(နဝတဥပဒေအမှတ် ၈/၁၉၉၂)

(င) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ(နဝတဥပဒေအမှတ် ၆/၁၉၉၄)

(စ) မြန်မာ့သတ္တုတွင်းဥပဒေ(နဝတဥပဒေအမှတ် ၈/၁၉၉၄)

(ဆ) မြန်မာ့ပုလဲလုပ်ငန်းဥပဒေ(နဝတဥပဒေအမှတ် ၇/၁၉၉၅)

(ဇ) မြန်မာ့ကျောက်မျက်ရတနာဥပဒေ(နဝတဥပဒေအမှတ် ၈/၁၉၉၅)

(ဈ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(ပထစဥပဒေအမှတ် ၉/၂၀၁၂)

၁၄။ ကော်မတီသည် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာကော်မတီနှင့်ညှိနှိုင်းပြီး ပြည်သူ့လွှတ်တော်ရုံး၊ အစည်းအဝေးနှင့်ကော်မတီဌာနကြီး၏ ၂၆-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၀၅/ပသ(ကမတ/၂၀၁၆-၆၇)ဖြင့် အောက်ဖော်ပြပါ ဥပဒေ ၂ ရပ်ကို လွှဲပြောင်းလက်ခံခဲ့ပါသည်-

(က) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (ဥပဒေအမှတ် ၈/၂၀၀၇)

(ခ) The Under Ground Water Act (India Act 4, 1930, Vol.VI)

၁၅။ ပြည်သူ့လွှတ်တော်ရုံးသည် ၂၁-၁-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၀၁/ပသ(အစဝ-ကမတ)/ ၂၀၁၉-၀၃ဖြင့်ကော်မတီကလေ့လာစိစစ်ရမည့်ဥပဒေများကို အောက်ပါအတိုင်းပြင်ဆင်သတ်မှတ် ပေးခဲ့ပါသည် -

(က) The Explosives Substances Act (India Act 6, 1908, Vol.II)

( ခ ) The Under Ground Water Act (India Act 4, 1930, Vol.VI)

( ဂ ) ဆားလုပ်ငန်းဥပဒေ(နဝတဥပဒေအမှတ် ၆/၁၉၉၂)

(ဃ) မြန်မာ့သတ္တုတွင်းဥပဒေ(နဝတဥပဒေအမှတ် ၈/၁၉၉၄)

( င ) မြန်မာ့ပုလဲလုပ်ငန်းဥပဒေ(နဝတဥပဒေအမှတ် ၇/၁၉၉၅)

( စ ) မြန်မာ့ကျောက်မျက်ရတနာဥပဒေ(နဝတဥပဒေအမှတ် ၈/၁၉၉၅)

(ဆ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ

(နယကဥပဒေအမှတ် ၈/၂၀၀၇)

( ဇ ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပထစဥပဒေအမှတ် ၉/၂၀၁၂)

( ဈ ) ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ

ဥပဒေ (ပထစဥပဒေအမှတ် ၁၂/၂၀၁၈)

(ည) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ

(ပထစဥပဒေအမှတ် ၁၇/၂၀၁၈)

( ဋ ) သစ်တောဥပဒေ (ပထစဥပဒေအမှတ် ၂၉/၂၀၁၈)

**ဥပဒေပြုခြင်း**

၁၆။ ကော်မတီသည် တတိယသက်တမ်းကာလအတွင်း စိစစ်လေ့လာရန် တာဝန်ရှိသည့် ဥပဒေ ၁၁ ခုအနက်မှ အောက်ဖော်ပြပါ ဥပဒေ ၅ ခုကို စိစစ်လေ့လာပြင်ဆင်ရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်-

(က) ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ၊

ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၂/၂၀၁၈) (၂၂-၅-၂၀၁၈)

(ခ) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ

ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၇/၂၀၁၈) (၁၃-၆-၂၀၁၈)

(ဂ) သစ်တောဥပဒေ(၂၀၁၈)

ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၉/၂၀၁၈) (၂၁-၉-၂၀၁၈)

(ဃ) မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၃၁/၂၀၁၈) (၂၆-၉-၂၀၁၈)

(င) မြန်မာ့ကျောက်မျက်ရတနာဥပဒေ

ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၄/၂၀၁၉) (၃၁-၁-၂၀၁၉)

၁၇။ ကော်မတီသည် စိစစ်ရန်ကျန်ရှိသည့် ဥပဒေများအနက်မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ The Under Ground Water Act တို့ကို စိစစ်ပြင်ဆင်နိုင်ရေးကော်မတီတွင်း အစည်းအဝေး ကျင်းပပြုလုပ်ညှိနှိုင်းဆွေးနွေးခြင်း၊ ဆက်စပ်ပတ်သက်သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ ပညာရှင်များ၏ ဝေဖန်အကြံပြုချက်များ လက်ခံကြားနာခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၁၈။ ထို့အပြင် အင်းလေးကန်ဒေသအုပ်ချုပ်ရေးအဖွဲ့က ပေးပို့လာသော အင်းလေးကန်ထိန်းသိမ်း ကာကွယ်ရေးဥပဒေ(မူကြမ်း)အား ကော်မတီတွင်ညှိနှိုင်းဆွေးနွေး ပြင်ဆင်ပေးခဲ့ပါသည်။ ထို့နောက် ကော်မတီကဆွေးနွေးပြင်ဆင်ပေးခဲ့သည့် ဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ် လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ရေး ၂-၅-၂၀၁၈ ရက်တွင် ပြန်လည်ပေးပို့ခဲ့ပါသည်။

မူကြမ်း

၁၉။ ကော်မတီသည် အထက်ဖော်ပြပါဥပဒေများအပြင် မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကို လွှတ်တော်သို့တင်သွင်း ဆွေးနွေးနိုင်ရေးအတွက် ကော်မတီအဖွဲ့ဝင်များ၊ ပညာရှင်များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများဖြင့် စိစစ်ဆွေးနွေးရေးဆွဲလျက်ရှိပါသည်။

**အစည်းအဝေးများကျင်းပခြင်း**

၂၀။ ကော်မတီသည် တတိယသက်တမ်းကာလအတွင်း အစည်းအဝေးစုစုပေါင်း (၃၅) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းအစည်းအဝေးများမှာ ကော်မတီတွင်းလုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁၃) ကြိမ်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကိုးကြိမ်၊ ပြင်ပအဖွဲ့အစည်းများနှင့် (၁၀) ကြိမ်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပြည်ထောင်စု၏ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများစိစစ်ရေး ညှိနှိုင်းအစည်း အဝေး သုံးကြိမ်တို့ဖြစ်ပါသည်။

၂၁။ အစည်းအဝေးများတွင် ဥပဒေပြုရေး၊ တိုင်ကြားစာများဖြေရှင်းဆောင်ရွက်ရေး၊ အဆို၊ မေးခွန်းများမေးမြန်းနိုင်ရေး၊ ကော်မတီ၏လုပ်ငန်းတာဝန်များ ကျေပွန်စွာထမ်းဆောင်ရေး၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပြည်ထောင်စု၏ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများစိစစ်ရေးနှင့် အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ခဲ့ကြပါသည်။

၂၂။ ပြင်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံပြီး ကြားနာမှုများဆောင်ရွက်ခြင်းအားဖြင့် လူမှုအဖွဲ့ အစည်းများ၏ လေ့လာတွေ့ရှိမှုများ၊ အကြံပြုတင်ပြချက်များ၊ ဒေသခံပြည်သူများ တွေ့ကြုံနေကြ ရသည့်အခက်အခဲများကို သိရှိနားလည်ခဲ့ရပါသည်။

**ပြည်ထောင်စု၏ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများစိစစ်ရေးပူးပေါင်းအဖွဲ့တွင်ပါဝင်ဆောင်ရွက်ခြင်း**

၂၃။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ငါးဦးတို့သည် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းသော ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများစိစစ်ရေး ပူးပေါင်းအဖွဲ့ (၁၀)တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

၂၄။ စိစစ်ရေးပူးပေါင်းအဖွဲ့ (၁၀)သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများ၊ ရငွေ/သုံးငွေများကို လေ့လာစိစစ်ခွင့်ပြုပေးခဲ့ပါသည်။

**ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း**

၂၅။ ကော်မတီသည် တတိယအကြိမ်သက်တမ်းကာလအတွင်း ပြည်ပအဖွဲ့အစည်းများအား နှစ်ကြိမ် လက်ခံတွေ့ဆုံခဲ့ပါသည်။ တွေ့ဆုံမှုများမှ အတွေ့အကြုံနှင့် ဗဟုသုတများ၊ အကြံဉာဏ်များ၊ သုတေသနပြုလေ့လာတွေ့ရှိချက်များကိုသိရှိရပြီး ကော်မတီ၏မူဝါဒ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးနိုင်ခဲ့ပါသည်။

**တိုင်ကြားစာများလက်ခံဆောင်ရွက်ခြင်း**

၂၆။ ကော်မတီသည် တတိယသက်တမ်းကာလအတွင်း တိုင်ကြားစာ၊ တင်ပြစာ၊ အသနားခံစာ စုစုပေါင်း အစောင်ရေ ၁၀၁ စောင် လက်ခံရရှိခဲ့ပါသည်။ အဆိုပါ တိုင်ကြားစာများတွင် ကော်မတီသို့ လိပ်မူသည့် တိုင်ကြားစာမှာ ၄၈ စောင်ဖြစ်ပြီး မိတ္တူပေးပို့သည့် တိုင်ကြားစာမှာ ၅၃ စောင်ဖြစ်ပါသည်။

၂၇။ လက်ခံရရှိသည့်တိုင်ကြားစာများမှ ၄၇ စောင်ကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ စာဖြင့် ပေးပို့ညှိနှိုင်းခြင်းဖြင့်လည်းကောင်း၊ အစောင် ၃၀ ကို အစည်းအဝေးများ ဖိတ်ကြားဆွေးနွေး မေးမြန်းခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ ဆောင်ရွက်ထားဆဲ တိုင်ကြားစာ အရေ အတွက်မှာ ၂၄ စောင်ဖြစ်ပါသည်။

**လွှတ်တော်တွင်းမေးခွန်းနှင့် အဆိုများမေးမြန်းတင်သွင်းခြင်း**

၂၈။ တတိယသက်တမ်းကာလအတွင်း ကော်မတီအဖွဲ့ဝင် ခြောက်ဦးက ကြယ်ပွင့်ပြမေးခွန်း ၂၀ ခုနှင့် အဆိုတစ်ခုကို မေးမြန်းတင်သွင်းနိုင်ခဲ့ပါသည်။

**ပြည်ပခရီးသွားရောက်ခြင်း**

၂၉။ တတိယသက်တမ်းကာလအတွင်း ကော်မတီအဖွဲ့ဝင်လေးဦးသည် ပြည်သူ့လွှတ်တော်၏ အစီအစဉ်ဖြင့် ပြည်ပနိုင်ငံများသို့ လေ့လာရေးကြိမ်သွားရောက်ခဲ့ပါသည်။ ပြည်ပခရီး သွားရောက်ခဲ့မှု အခြေအနေ အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အမည်နှင့်မဲဆန္ဒနယ် | သွားရောက်သည့်နိုင်ငံ | ကာလ |
|---|---|---|---|
| ၁ | ဦးအောင်နိုင်၊ မိုးကုတ်မဲဆန္ဒနယ် | ဗီယက်နမ်နိုင်ငံ | ၂၂-၂-၂၀၁၈ မှ<br>၂၇-၂-၂၀၁၈ ထိ |
| ၂ | ဦးသက်နောင်၊ လဟယ်မဲဆန္ဒနယ် | ဆွစ်ဇာလန်နိုင်ငံ | ၇-၄-၂၀၁၈ မှ<br>၂၉-၄-၂၀၁၈ ထိ |
| ၃ | ဒေါ်စန်းစန်းအိ၊ မိုးညှင်းမဲဆန္ဒနယ် | လစ်သူရေးနီးယား | ၆-၆-၂၀၁၈ မှ |

| | | | |
|---|---|---|---|
| | | | ၈-၆-၂၀၁၈ ထိ |
| ၄ | ဦးမင်းနောင်၊ ပင်လည်ဘူးမဲဆန္ဒနယ် | လာအိုနိုင်ငံ | ၁၁-၁၂-၂၀၁၈ မှ ၁၄-၁၂-၂၀၁၈ ထိ |

**အခမ်းအနား၊ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းတက်ရောက်ခြင်း**

၃၀။ ကော်မတီအဖွဲ့ဝင်များသည် တတိယသက်တမ်းကာလအတွင်း ပြည်တွင်း၌ ကျင်းပပြုလုပ်သောအခမ်းအနား ၁၃ ခု၊ အလုပ်ရုံဆွေးနွေးပွဲ ၂၇ ခုနှင့် သင်တန်းတစ်ခုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်နိုင်ခဲ့ကြပါသည်။

**ကွင်းဆင်းလေ့လာခြင်း**

၃၁။ ကော်မတီသည် တတိယသက်တမ်းကာလအတွင်း သက်ဆိုင်ရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်များဖြင့် ကွင်းဆင်းလေ့လာရေးခရီး ခုနစ်ကြိမ်ကို အောက်ပါအတိုင်း သွားရောက်ခဲ့ကြပါသည်-

| **စဉ်** | **အကြောင်းအရာ** | **ကာလ** |
|---|---|---|
| ၁။ | ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေရေးဆွဲရာတွင် အထောက်အကူဖြစ်စေရန် ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်ရှိ နတ်မတောင်၊ ပုပ္ပါးတောင်နှင့် လောကနန္ဒာသဘာဝထိန်းသိမ်းရေးနယ်မြေများသို့ကွင်းဆင်းလေ့လာခြင်း၊ | ၁၆-၃-၂၀၁၈ မှ ၁၈-၃-၂၀၁၈ ထိ |
| ၂။ | မြန်မာ့ပုလဲလုပ်ငန်းဥပဒေပြင်ဆင်ရာတွင် အထောက်အကူ ဖြစ်စေရန် | ၁-၄-၂၀၁၈ မှ |

| | | |
|---|---|---|
| | တနင်္သာရီတိုင်း၊ မြိတ်ကျွန်းစုရှိ ပုလဲမွေးမြူရေး လုပ်ငန်းများကို ကွင်းဆင်းလေ့လာခြင်း၊ | ၄-၄-၂၀၁၈ ထိ |
| ၃။ | သစ်တောဥပဒေ၊ နည်းဥပဒေ ပြင်ဆင်ရေးဆွဲရေး၊ ဘတ်ဂျက်စိစစ်ရေး နှင့် သစ်တောသုတေသနဆိုင်ရာ ဗဟုသုတများ ရရှိစေရန် ရေဆင်း သစ်တောတက္ကသိုလ်၊ သစ်တောသုတေသနဌာနသို့ကွင်းဆင်းလေ့လာခြင်း၊ | ၂၁-၅-၂၀၁၈ |
| ၄။ | သစ်တောဥပဒေ၊ နည်းဥပဒေ ပြင်ဆင်ရေးဆွဲရေး၊ ဘတ်ဂျက်စိစစ် ရေးနှင့် သစ်တောသုတေသနဆိုင်ရာ ဗဟုသုတများရရှိစေရန် မိုးစွေသစ်တော သုတေသနစခန်းနှင့် စိုက်ခင်းများသို့ ကွင်းဆင်းလေ့လာခြင်း၊ | ၇-၆-၂၀၁၈ |
| ၅။ | ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်း၊ ခရမ်း၊ ကွမ်းခြံကုန်းမြို့နယ်များရှိ ကမ်းတက်မြေ (၂၇၇၃၈ ဧက)များအား ကြိုးပြင်ဒီရေတောအဖြစ် သတ်မှတ်နိုင်ရေးလုပ်ငန်းစဉ်များကို ကွင်းဆင်းလေ့လာခြင်း၊ | ၁၅-၇-၂၀၁၈ |
| ၆။ | ရှမ်းပြည်နယ်၊ ကလော၊ အင်းလေးဒေသများအတွင်းရှိ သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ကွင်းဆင်းလေ့လာခြင်း၊ | ၁၄-၁၀-၂၀၁၈ မှ ၁၆-၁၀-၂၀၁၈ ထိ |
| ၇။ | တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သတ္တုတူးဖော်ရေး လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကွင်းဆင်းလေ့လာခြင်း၊ | ၂၇-၁၀-၂၀၁၈ မှ ၃၁-၁၀-၂၀၁၈ ထိ |

**ကော်မတီရုံးအဖွဲ့၏အထောက်အကူပြုနိုင်မှု**

၃၂။ ပြည်သူ့လွှတ်တော်၊ သဃံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရုံး ဝန်ထမ်းများအနေဖြင့် အထောက်အကူပြုလုပ်ငန်းများကို ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ဥပဒေပြင်ဆင်ရေးဆွဲရေးအစည်းအဝေးများ၊ ပြည်တွင်းပြည်ပခရီးစဉ် များ၊ တွေ့ဆုံကြားနာမှုများ၊ ကော်မတီဝင်များအတွက်လိုအပ်မည့် သတင်းအချက်အလက်များကို သုတေသနပြုလုပ်၍ အောက်ဖော်ပြပါ ကော်မတီစာတမ်းတို ရှစ်စောင်ကိုရေးသားပြုစုပေးနိုင်ခဲ့ ပါသည်-

(က) မြန်မာ-တရုတ်ပိုက်လိုင်းစောင့်ကြည့်ရေးကော်မတီနှင့် တွေ့ဆုံဆွေးနွေးပွဲဆိုင်ရာ စာတမ်းတို

( ခ ) တီကျစ်ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဆိုင်ရာကိစ္စရပ်များ နှင့် စပ်လျဉ်းသည့် စာတမ်းတို

( ဂ ) မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းအစည်းအဝေးနှင့်စပ်လျဉ်းသည့် စာတမ်းတို

(ဃ)မိုးကုတ်- ဖားကန့်လေ့လာရေးခရီးစဉ်ဆိုင်ရာ စာတမ်းတို

( င ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း အဖွဲ့အစည်းများနှင့် တွေ့ဆုံကြားနာပွဲဆိုင်ရာ စာတမ်းတို

( စ ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ စိစစ်ရေးဆိုင်ရာ မိတ်ဆက်စာတမ်းတို

(ဆ)Women Political Leaders Global Forum– WPL Summit 2018 ဆိုင်ရာ စာတမ်းတို

(ဇ) မြေအောက်ရေကြီးကြပ်ထိန်းသိမ်းရေးဥပဒေအစည်းအဝေးဆိုင်ရာ စာတမ်းတို

၃၃။ ကော်မတီသုတေသနစာတမ်းတိုများ ရေးသားခြင်းအားဖြင့် ကော်မတီလုပ်ငန်းများအပေါ် ပိုမိုနားလည်ကျွမ်းကျင်မှု၊ ဗဟုသုတရရှိမှု၊ စဉ်းစားသုံးသပ်ဆုံးဖြတ်နိုင်မှု အစရှိသည့်အရည်အသွေးများ တိုးတက်စေနိုင်ပါသည်။ ထို့အပြင် အဆိုပါသုတေသနစာတမ်းတိုများသည် ကော်မတီဝင်များအတွက် များစွာအထောက်အကူဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**အကြံပြုချက်များအပေါ်ဆောင်ရွက်ချက်များ**

၃၄။ ကော်မတီသည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ကော်မတီ၏ ဒုတိယအကြိမ်အစီရင်ခံစာကိုတင်သွင်းခဲ့ပါသည်။ ကော်မတီ၏အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးက ထောက်ခံအကြံပြုဆွေးနွေးခဲ့ကြပါသည်။ အကြံပြုချက်များ အနက်မှ ဦးမြတ်လေးဦး၊ ထီးလင်းမဲဆန္ဒနယ် အကြံပြုခဲ့သော လယ်ယာမြေနှင့် သစ်တောမြေများ အကြားဖြစ်ပွားလျက်ရှိသည့် ဝိရောဓိများကိုဖြေရှင်းနိုင်ရန် သက်ဆိုင်ရာဌာနတာဝန်ရှိသူများ၊ သက်ဆိုင်ရာမဲဆန္ဒနယ်မြေ၏ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မတီအဖွဲ့ဝင်များအား ၅–၁၂–၂၀၁၈ ရက် တွင် ဖိတ်ကြားပြီး အစည်းအဝေးကျင်းပကာ ဆွေးနွေးညှိနှိုင်း ဖြေရှင်းပေးခဲ့ပါသည်။

၃၅။ ထို့အပြင် ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)နှင့် ဦးထွန်းထွန်းဝင်း(ရမည်းသင်းမဲဆန္ဒနယ်) တို့က ကူညီဖြေရှင်းပေးရန် အဆိုပြုခဲ့သော ရွှေသတ္တုတူးဖော်ထုတ်လုပ်မှုဆိုင်ရာကိစ္စများအတွက် ဦးထွန်းထွန်းဝင်း(ရမည်းသင်းမဲဆန္ဒနယ်)နှင့် ၂၁–၈–၂၀၁၈ရက်တွင်လည်းကောင်း၊ သက်ဆိုင်ရာဌာနတာဝန်ရှိသူများနှင့် ၂၉–၈–၂၀၁၈ ရက်တွင်လည်းကောင်း တွေ့ဆုံကြားနာခဲ့ပါသည်။ တွေ့ဆုံကြားနာခဲ့မှုအခြေအနေနှင့် သုံးသပ်ချက်များကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌထံ ၁၉–၉–၂၀၁၈ ရက်တွင် အစီရင်ခံစာရေးသားတင်ပြခဲ့ပါသည်။

**သုံးသပ်ချက်**

၃၆။ ကော်မတီသည် တတိယသက်တမ်းကာလအတွင်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသအသီးသီးရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအား ညှိနှိုင်းဖြေရှင်းပေးနိုင်မှုလုပ်ငန်း များဆောင်ရွက်ရာတွင် အရှိန်ရရှိလာပြီး ပိုမိုမြန်ဆန်ထိရောက်လာကြောင်း တွေ့ရှိရပါသည်။

၃၇။ ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူများက နည်းလမ်းပေါင်းစုံဖြင့် သတင်းပေးပို့လာသော တရားမဝင်ဆောင်ရွက်လျက်ရှိသည့် သဘာဝသယံဇာတဆိုင်ရာ ကိစ္စရပ် များ၊ အထူးသဖြင့် သစ်ထုတ်လုပ်မှု၊ သတ္တု၊ ကျောက်မျက်တူးဖော်မှုများ၊ ရှားပါးသားငှက် တိရစ္ဆာန် များ ဖမ်းဆီးသတ်ဖြတ်မှုများနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးစေရန် ဆောင်ရွက်နေမှုများကို ဝန်ကြီးဌာနနှင့် ဆက်သွယ်ညှိနှိုင်းဖြေရှင်းပေးနိုင်ခဲ့ပါသည်။

၃၈။ အထက်ဖော်ပြပါ အလားတူကိစ္စရပ်များအား အရေးပေါ်သတင်းပေးပို့တိုင်ကြားရာတွင် ပိုမို ထိရောက်စေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ သက်ဆိုင်ရာဌာနများ၏ တာဝန်ရှိ ပုဂ္ဂိုလ်၊ လိပ်စာနှင့် ဖုန်းနံပါတ်များအား အသုံးပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေ ထားသင့်ကြောင်းသုံးသပ်ရပါသည်။ သို့ပါ၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။

၃၉။ ကော်မတီသည် ၂၀၁၇ ခုနှစ် ဇူလိုင်လမှစ၍ ယနေ့အထိ ကွင်းဆင်းလေ့လာရေး ခရီးစဉ် (၉) ကြိမ် သွားရောက်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါကွင်းဆင်းလေ့လာရေး ခရီးစဉ်အားလုံးသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်များအရ သက်ဆိုင်ရာဌာနများ၏ အစီအစဉ်ဖြင့် သွားရောက်ခဲ့ခြင်းဖြစ်ပါသည်။ အနာဂတ်ကာလတွင် လုပ်ငန်း လိုအပ်ချက်အရ ကွင်းဆင်းလေ့လာရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါက ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အတိုင်း လွှတ်တော်၏ အစီအစဉ်ဖြင့်သွားရောက်ခြင်းက ပိုမိုသင့်လျော်ပြီး လွှတ်တော်၏ဂုဏ်သိက္ခာ ပိုမိုမြင့်မားနိုင်ကြောင်း သုံးသပ်ရပါသည်။

**နိဂုံး**

၄၀။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီသည် လွှတ်တော်သို့ ဥပဒေကြမ်းများတင်သွင်းရေး၊ သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့်စီမံကိန်းများ၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ၊ ရန်ပုံငွေသုံးစွဲမှုဆိုင်ရာကိစ္စရပ်များကို စောင့်ကြည့်ထိန်းညှိရေး၊ နိုင်ငံတစ်ဝှမ်းရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များအား ဖြေရှင်းဆောင်ရွက်ရေးလုပ်ငန်းများနှင့် ပြည်သူ့လွှတ်တော်က ပေးအပ်သည့် တာဝန်ဝတ္တရားများကို အစီရင်ခံသည့်ကာလအတွင်း ကျေပွန်စွာဆောင်ရွက်နိုင်ခဲ့ပါသည်။

၄၁။ ကော်မတီသည် ဆောင်ရွက်ရမည့် တာဝန်နှင့်ဝတ္တရားများကို ကြိုးစားဆောင်ရွက်လျက်ရှိရာတွင် ပြီးပြတ်မှုမရှိသေးသည့် ကိစ္စရပ်များကိုလည်း ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါသည်။ သို့ပါ၍ ကော်မတီ၏လုပ်ငန်းတာဝန်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး အားထုတ်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်းနှင့် အကြံပြုဆွေးနွေးမှုများကို ကြိုဆိုပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**အစီရင်ခံစာအတည်ပြုခြင်း**

ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှုအစီအရင်ခံစာကိုအတည်ပြုပါကြောင်းလက်မှတ်ရေးထိုးပါသည်-

| | | | |
|---|---|---|---|
| (၁) ဦးစိုးသူရထွန်း | ကွမ်းခြံကုန်းမဲဆန္ဒနယ် | ဥက္ကဋ္ဌ | ------- |
| (၂) ဒေါ်မြခွာညိုဦး | ရွှေတောင်မဲဆန္ဒနယ် | အဖွဲ့ဝင် | ------- |
| (၃) ဦးနေထက်ဝင်း | ဆင်ပေါင်ဝဲမဲဆန္ဒနယ် | အဖွဲ့ဝင် | ------- |

မူကြမ်း

| | | | | |
|---|---|---|---|---|
| (၄) | ဦးရည်မွန်(ခ)မောင်တင်သစ် | ပုဗ္ဗသီရိမဲဆန္ဒနယ် | အဖွဲ့ဝင် | ------- |
| (၅) | ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် | မိုးကုတ်မဲဆန္ဒနယ် | အဖွဲ့ဝင် | ------- |
| (၆) | ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး | ညောင်ရွှေမဲဆန္ဒနယ် | အဖွဲ့ဝင် | ------- |
| (၇) | ဦးမင်းနောင် | ပင်လည်ဘူးမဲဆန္ဒနယ် | အဖွဲ့ဝင် | ------- |
| (၈) | ဦးသက်နောင် | လဟယ်မဲဆန္ဒနယ် | အဖွဲ့ဝင် | ------- |
| (၉) | ဦးမန်းညွန့်သိန်း | ပန်းတနော်မဲဆန္ဒနယ် | အဖွဲ့ဝင် | ------- |
| (၁၀) | ဦးဂျီဖုန်ဆားရ် | နောင်မွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် | ------- |
| (၁၁) | ဒေါ်နန်းခင်စော | ကွန်ဟိန်းမဲဆန္ဒနယ် | အဖွဲ့ဝင် | ------- |
| (၁၂) | ဦးလာမာလေး | ဆော့လော်မဲဆန္ဒနယ် | အဖွဲ့ဝင် | ------- |
| (၁၃) | ဗိုလ်မှူးချုပ်ဝင်းဆွေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် | ------- |
| (၁၄) | ဦးတိုးသောင် | မိုးမိတ်မဲဆန္ဒနယ် | အဖွဲ့ဝင် | ------- |
| (၁၅) | ဦးကျော်အောင်လွင် | စေတုတ္တရာမဲဆန္ဒနယ် | အဖွဲ့ဝင် | ------- |
| (၁၆) | ဦးကျော်ဆွေဝင်း(ခ)ဦးအာလူး | ကော့မှူးမဲဆန္ဒနယ် | အဖွဲ့ဝင် | ------- |
| (၁၇) | ဦးအေးနိုင် | ဒဂုံမြို့သစ်(တောင်ပိုင်း) | အတွင်းရေးမှူး | ------- |
| (၁၈) | ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ | ------- |
| (၁၉) | ဒုတိယဗိုလ်မှူးကြီးတိုးလွင် | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ | ------- |

မူကြမ်း

# ပြည်သူ့လွှတ်တော်

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ

## ၁-၂-၂၀၁၈ မှ ၂၁-၂-၂-၁၉ ထိ လုပ်ငန်းဆောင်ရွက်မှု

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ ၁-၂-၂၀၁၈ မှ ၂၁-၂-၂၀၁၉ ရက်ထိ လုပ်ငန်းဆောင်ရွက်မှုများကို သိရှိနိုင်ပါရန် တင်ပြအပ် ပါသည်။

**ဖွဲ့စည်းခြင်း**

၂။ ကော်မတီသည် ၂၂-၂-၂၀၁၆ ရက်တွင် အဖွဲ့ဝင် (၁၅)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ တတိယသက်တမ်းကာလပြည့်ပြီဖြစ်ပါသည်။ လက်ရှိတွင် ကော်မတီအဖွဲ့ဝင် (၁၇)ဦး၊ လေ့လာသူ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး၊ စုစုပေါင်း(၁၉)ဦးဖြင့် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

**ဥပဒေပြုခြင်း**

၃။ ကော်မတီစတင်ဖွဲ့စည်းချိန်တွင် စိစစ်ရန်တာဝန်ပေးအပ်ထားသော ဥပဒေ ကိုးခုရှိပါသည်။ ထို့နောက် လိုအပ်ချက်အရ ဥပဒေနှစ်ခု ဖြည့်စွက်ခဲ့သဖြင့် ယခုလက်ရှိတွင် ကော်မတီက တာဝန်ယူ စိစစ်ရမည့် ဥပဒေမှာ (၁၁)ခုဖြစ်ပါသည်။

၄။ ကော်မတီသည် စိစစ်ရန်တာဝန်ရှိသည့် ဥပဒေ(၁၁)ခုအနက်မှ ငါးခုကို စိစစ်ပြင်ဆင်ရေးဆွဲပြီး လွှတ်တော်သို့တင်သွင်းဆွေးနွေးအတည်ပြုပြဌာန်းနိုင်ပြီး ဖြစ်ပါသည်။ ယခုအခါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ မြေအောက်ရေကြီးကြပ်ထိန်းသိမ်းရေးဥပဒေများကို ပြင်ဆင်နိုင်ရေး

သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံ ဘူမိသိပ္ပံ ကောင်စီဥပဒေကိုလည်း အသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**အစည်းအဝေးများကျင်းပခြင်း**

၅။ ကော်မတီသည် အစီရင်ခံသည့်ကာလအတွင်း ကော်မတီအစည်းအဝေးစုစုပေါင်း ၃၅ ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းအစည်းအဝေးများမှာ ကော်မတီတွင်းလုပ်ငန်းညှိနှိုင်း အစည်းအဝေး ၁၄ ကြိမ်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကိုးကြိမ်၊ ပြင်ပအဖွဲ့အစည်းများနှင့် ၁၀ ကြိမ်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပြည်ထောင်စု၏ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများစိစစ်ရေး ညှိနှိုင်း အစည်းအဝေး သုံးကြိမ် တို့ဖြစ်ပါသည်။

၆။ အစည်းအဝေးများတွင် ဥပဒေပြုရေး၊ တိုင်ကြားစာများဖြေရှင်းဆောင်ရွက်ရေး၊ အဆို၊ မေးခွန်းများမေးမြန်းနိုင်ရေး၊ ကော်မတီ၏လုပ်ငန်းတာဝန်များ ကျေပွန်စွာထမ်းဆောင်ရေး၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပြည်ထောင်စု၏ စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများစိစစ်ရေးနှင့် အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

**တိုင်ကြားစာများအားဖြေရှင်းဆောင်ရွက်ပေးခြင်း**

၇။ ကော်မတီသည် အစီရင်ခံသည့်ကာလအတွင်း တိုင်ကြားစာ၊ တင်ပြစာ၊ အသနားခံစာ စုစုပေါင်း ၁၀၁ စောင်ကိုလက်ခံရရှိခဲ့ပါသည်။ အဆိုပါတိုင်ကြားစာများတွင် ကော်မတီသို့ လိပ်မူ ပေးပို့သည့်တိုင်ကြားစာမှာ ၄၈ စောင်ဖြစ်ပြီး မိတ္တူပေးပို့သည့်တိုင်ကြားစာမှာ ၅၃ စောင် ဖြစ်ပါသည်။

၈။ လက်ခံရရှိသည့်တိုင်ကြားစာများအနက်မှ ၄၇ စောင်ကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ စာဖြင့်ပေးပို့ညှိနှိုင်းခြင်းဖြင့်လည်းကောင်း၊ အစောင် ၃၀ ကို အစည်းအဝေးများ ဖိတ်ကြား ဆွေးနွေးမေးမြန်းခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ ဆောင်ရွက်ဆဲ တိုင်ကြားစာအရေ အတွက်မှာ ၂၄ စောင်ဖြစ်ပါသည်။

**နိဂုံး**

၉။ ကော်မတီသည် ဥပဒေပြုရေး၊ စောင့်ကြည့်ထိန်းညှိရေး၊ ကိုယ်စားပြုရေးဟူသည့် လွှတ်တော်၏ အဓိကလုပ်ငန်းစဉ်များကို အစဉ်တစိုက်ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အနာဂတ်ကာလတွင်လည်း ကော်မတီလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၈-၁၁-၂၀၁၉ ရက်နေ့ (ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ (သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ယနေ့အတွက် အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၂း ၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၂ : ၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့

(၂၇.၁၁.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Daw Cho Cho U Maung Maung Win




U Nyunt Win U Maung Maung Win




U Sai Oo Kham U Maung Maung Win




Maj Genl Aung Thu U Maung Maung Oo




Maj Genl Aung Thu U Tin Htwe





Maj Genl Aung Thu U Aung Soe Min

pyithu.hluttaw.mm



**Maj Genl Aung Thu**



**U Sai Ba Thein**

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်